FDB
Forum for Democracy in Burma
# မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု
eBulletin
၁၆ မေ ၂၀၀၅ | သတင်းလွှာ | အမှတ် ၉/၂၀၀၅



"နဝတရဲ့ ပြောဆိုချက်မှာ ပြည်သူလူထုကနေပြီးတော့ ဒီရွေးကောက်ပွဲကနေတဆင့် ရွေးကောက်တင်မြှောက်လိုက်တဲ့အဖွဲ့ဟာ အစိုးရဖွဲ့ရမယ်ဆိုပြီး ကတိကဝတ်ပေးခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် ဒီကတိကဝတ်အတိုင်း မလုပ်ခဲ့ပါဘူး။ ပြည်သူလူထုကို မျှော်လင့်ချက်ပေးပြီးတော့မှ ဒီမျှော်လင့်ချက်ကို ဖျက်တယ်ဆိုတာ မလုပ်ကောင်းတဲ့ ကိစ္စပါ။
အစကတည်းက ပြည်သူလူထုရဲ့ဆန္ဒကို မလိုက်နာချင်လို့ရှိရင် သတ္တိရှိရှိနဲ့ ရွေးကောက်ပွဲကို မလုပ်ပေးဘူးလို့ ပြောရဲရမှာပေါ့။"

၂၀၀၃ မေလ (၂၇)ရက် (ရွေးကောက်ပွဲနှစ်ပတ်လည်နေ့)မှာ မန္တလေးလူထုသို့ ပြောကြားသော ဒေါ်အောင်ဆန်းစုကြည်၏ မိန့်ခွန်းမှ

---

အနာဂတ်ပြည်တောင်စုအတွက် ဆိုးရွားတဲ့အလားအလာတွေ၊ ပြည်တွင်းစစ် ဝဲဂယက်ထဲက ရုန်းမထွက်နိုင်မယ့် အလားအလာတွေပဲ ဖြစ်ပါတယ်။ ဒီလိုအခြေအနေဆိုးတွေဖြစ်မလာရေးအတွက်...

"ခမှာစကား"
(စာမျက်နှာ ၂)

ကျနော်တို့ မြန်မာပြည်သူ၊ ပြည်သားတွေ ဘယ်လောက်သည်းခံနိုင်မလဲ။ နိုင်ငံတကာကရော လက်ပိုက်ကြည့်နေကြမလား...

"ငရဲခွေးကြီး လွှတ်နေပြန်ပြီ"
(စာမျက်နှာ ၁၅)

နအဖ စစ်အုပ်စုဟာ နိုင်ငံရေးအရ ဘေးကျပ်နံကျပ် ဖြစ်လာပြီဆိုရင်၊ တပ်ထဲမှာ မငြိမ်မသက်နှင့် အက်ကြောင်းတွေ ကြီးလာပြီဆိုရင်၊ စီးပွားရေးအရ၊ လူမှုရေးအရ ထွက်ပေါက်တွေ ပိတ်နေပြီဆိုရင်...

"စစ်အုပ်စုရဲ့ မာယာ"
(စာမျက်နှာ ၉)

ဖက်ဆစ် တော်လှန်ရေးမှာ အမျိုးသမီးများဟာ စည်းရုံးရေး၊ သတင်းစုဆောင်းရေး၊ သတင်းပို့ရေး၊ လက်နက်ဝှက်ပေးရေး၊ သူနာပြုလုပ်ငန်းမှသည် စစ်လျို့ဝှက် တာဝန်အမျိုးမျိုးကို အသက်ပေး၍ စွန့်လွှတ်အနစ်နာခံကာ လုပ်ဆောင်ခဲ့ကြတယ်။

"မြန်မာအမျိုးသမီးများ မည်သို့ခဲ့ပါ"
(စာမျက်နှာ ၁၃)

သောက အပူတွေနဲ့ သားပျောက်ကို ရှာနေတဲ့၊ မရှာနိုင်လို့ အိမ်ကပဲ မျက်ရည်လည်ရွဲမျှော်နေတဲ့ မိခင်ဖခင်တွေ မြန်မာနိုင်ငံမှာ တော်တော်များနေပါပြီ။

"ယမ်းငွေ့ကြားမှ အဆိပ်သင့်ပန်းပွင့်များ"
(စာမျက်နှာ ၁၁)

ဥရောပသမဂ္ဂ နိုင်ငံများအနေနဲ့ မြန်မာ့အရေးချဉ်းကပ်မှုမှာ အမေရိကန်ပြည်ထောင်စု ပေါ်လစီမျိုးမဟုတ်သလို၊ အာဆီယံနိုင်ငံတွေရဲ့ ချဉ်းကပ်မှုမျိုး မဟုတ်တာလည်းတွေ့ရပါတယ်။

ကုလသမဂ္ဂ ထောင်စုနှစ် ဖွံ့ဖြိုးမှုဆိုင်ရာရည်မှန်းချက်
(စာမျက်နှာ ၁၇)

၂၀၀၅ အာဆမ်နှင့် မြန်မာ့အရေး
(စာမျက်နှာ ၇)

# အမှာစကား

ရှစ်ဆယ့်ရှစ် ပြည်သူ့အရေးတော်ပုံကြီးမှာ ရဟန်းရှင်လူ ကျောင်းသားပြည်သူတွေရဲ့ အသက်သွေးနဲ့ ရင်းပြီးရရှိခဲ့တဲ့ (၉၀)ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးဟာ ယခုမေလ (၂၇) ရက်နေ့ဆိုရင် နှစ်ပေါင်း (၁၅) နှစ်တိုင်ခဲ့ပါပြီ။ ကဲ… ကျနော်တို့ ဘာများရလိုက်ပါသလဲ၊

ပြည်သူကို ရက်စက်စွာသတ်ဖြတ် နှိမ်နင်းပြီး အာဏာသိမ်းခဲ့တဲ့ စစ်အစိုးရဟာ ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးတယ်လို့ ဆိုပေမဲ့ ဘာဒီမိုကရေစီမှမရှိပဲ ဖိနှိပ်၊ ချုပ်ချယ်ကန့်သတ်ထားတဲ့ အမိန့်၊ ဥပဒေတွေအောက်ကသာ လမ်းဖွင့်ပေးခဲ့တာ ဖြစ်ပါတယ်။ ဒါကို နိုင်ငံရေးအတွေ့အကြုံကြီးတဲ့၊ သတိရှိတဲ့ ပြည်သူလူထုကြီးဟာ ၉၀ ခုနှစ် ရွေးကောက်ပွဲမှာ ဒီမိုကရေစီလိုလားသူနဲ့ ဆန့်ကျင်သူတို့ကို မိမိတို့ရင်ထဲက ဆန္ဒမဲပြားနဲ့တာဝန်ကျေစွာ စည်းခြား ပေးခဲ့ပါတယ်။ ဒါပေမဲ့ ရွေးကောက်ပွဲ အနိုင်ရပါတီများ လူထုရဲ့ဆန္ဒကို ဘာမှလက်တွေ့ကျကျ အကောင်အထည် ဖော်ဆောင်နိုင်ခွင့် မရှိသေးပါ။

စစ်အစိုးရရဲ့ဖိနှိပ်မှုသိပ်ပြီးကြီးမားလို့လား?  မိမိတို့ရဲ့အတွင်းပိုင်း အားနည်းချက်ကြောင့်လား? ပြင်ပအကြောင်းတရားတွေကြောင့်လား? ပြည်သူလူထုရဲ့ ဝန်းရံထောက်ပံ့မှု ပူပေါင်းဆောင်ရွက်မှု မရှိလို့လား? နိုင်ငံတကာရဲ့ ဖိအားနဲ့ ထောက်ခံမှုနည်းလို့လား?

လားပေါင်းများစွာတွေဟာ နေရာအနှံ့ပြန့်နှံ့နေပါတယ်။

ဒီပြဿနာတွေဟာ အနိုင်ရပါတီတွေမှာပဲ လုံးလုံးတာဝန်ရှိသလားဆိုရင်…

ဒီမိုကရေစီအင်အားစု အားလုံးမှာတာဝန်ရှိပါတယ်။ လူထုရဲ့ထောက်ခံမှု (Mandate)ရထားတဲ့ ပါတီတွေရဲ့ အခန်းကဏ္ဍကတော့ အဓိကနေရာမှာရှိပါတယ်။

စစ်အာဏာရှင်စနစ်ချုပ်ငြိမ်းရေးနဲ့ ဒီမိုကရေစီရေး၊ ငြိမ်းချမ်းရေး၊ စစ်မှန်တဲ့ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးဆိုတာဟာ လူမျိုးပေါင်းစုံလူတန်းစားပေါင်းစုံ  ပြည်သူလူထုကြီးရဲ့ ဘုံရည်မှန်းချက် ပန်းတိုင်ပဲဖြစ်ပါတယ်။ ဒါကို သွေဖီသွားတဲ့ လုပ်ရပ်တွေ၊ နည်းလမ်းတွေ၊ အဖွဲ့အစည်းတွေဟာ ပြည်သူလူထုတစ်ရပ်လုံးရဲ့ဆန္ဒကို သွေဖီတာ ဆန့်ကျင်တာပဲဖြစ်ပါတယ်။

ပြီးခဲ့တဲ့ကာလတွေမှာ ကျနော်တို့ ဒီမိုကရေစီအင်အားစုတွေဟာ စစ်အစိုးရရဲ့ဖိနှိပ်၊ ကန့်သတ်မှုတွေ အောက်မှာ အခြေအနေအကြောင်းအမျိုးမျိုးတွေကြောင့် သူကကျင်းပတဲ့ NC (National Convention)ကို တက်တာ ရှိတယ်၊  မတက်တာရှိတယ်။ အပစ်အခတ်ရပ်တာရှိတယ်၊ မရပ်တာရှိတယ်။ Non-violent နည်းနဲ့ တွေ့ဆုံဆွေးနွေး သောနည်းကို ကျင့်သုံးတာရှိတယ်၊ မကျင့်သုံးတာ ရှိတယ်။ လူထုတိုက်ပွဲနည်းနဲ့ အခြားတိုက်ပွဲနည်းနာများကို မှန်မှန်ကန်ကန် ပေါင်းစပ်ရမည်လို့ လက်ခံ ကျင့်သုံးတာရှိတယ်၊ မကျင့်သုံးတာရှိတယ်။ ဒါတွေကို အခုအချိန်မှာ မှားတယ် မှန်တယ် ဆွေးနွေးငြင်းခုံ မနေလိုပါဘူး၊ အထက်မှာပြောခဲ့တဲ့ လူမျိုးပေါင်းစုံပြည်သူတစ်ရပ်လုံးရဲ့ ဆန္ဒဖြစ်တဲ့ စစ်အာဏာရှင် စနစ်ဆန့်ကျင်ရေး၊ ဒီမိုကရေစီရေး၊ ငြိမ်းချမ်းရေး၊ အမျိုးသားသွေးစည်းညီညွတ်ရေး၊ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးဆိုတဲ့ အချက်တွေကို ဘုံရည်မှန်းချက်အဖြစ်၊ အနိုင်ရပါတီများ၊ ဒီမိုကရေစီအင်အားစုများ၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၊ တိုင်းချစ်ပြည်ချစ်စိတ်ရှိတဲ့ တပ်မတော်သားများဟာ အားလုံး လက်တွဲညီညီ  ပူးပေါင်းလုပ်ဆောင်ကြရင် အနာဂတ်နိုင်ငံတော်ဟာသာယာ လှပမှာ ဖြစ်ပါတယ်။

နအဖ စစ်အုပ်စုဟာ Road Map (7) ချက်၊ နိုင်ငံရေးဦးတည်ချက် (၆)ချက်၊ အခြေခံမူ (၁၀၄)အောက်ကနေ အတုအယောင် အမျိုးသားညီလာခံ နည်းတွေ၊လူထုကို ခြိမ်းခြောက်အကြပ်ကိုင်ပြီးထောက်ခံပွဲ၊ ဆန္ဒပြပွဲတွေနဲ့ မိုက်မဲစွာ ရှေ့ဆက်သွားဖို့ကြိုးစားနေတယ်၊ CFG အုပ်စုတွေကို ဖိအားပေးပြီး လက်နက်ဖြုတ်ဖို့ ကြိုးစားနေတယ်၊ ဒီလုပ်ရပ် တွေဟာ အနာဂတ်ပြည်ထောင်စုအတွက် ဆိုးရွားတဲ့အလားအလာတွေ၊ ပြည်တွင်းစစ် ဝဲဂယက်ထဲက ရုန်းမထွက်နိုင်မယ့် အလားအလာတွေပဲ ဖြစ်ပါတယ်။ ဒီလိုအခြေအနေဆိုးတွေဖြစ်မလာရေးအတွက်…

**“လူမျိုးပေါင်းစုံ ပြည်သူလူထုကြီးတစ်ရပ်လုံးက နိုင်ငံရေးသတိကြီးစွာဖြင့် ဝိုင်းဝန်းကာကွယ်တားဆီးကြပါစို့”**

## FDB ၏ မဟာဗျူဟာ လုပ်ငန်းစဉ်ရည်မှန်းချက်များ

- FDB အား ကျစ်လစ်ခိုင်မာသည့် နိုင်ငံရေးအင်အားစုတစ်ရပ်အဖြစ် စုစည်းတည်ဆောက်သွားရန်၊
- ဒီမိုကရေစီတိုက်ပွဲဝင်အင်အားစုများအတွင်း မဟာဗျူဟာ ညှိနှိုင်းဆက်စပ်လုပ်ဆောင်မှုများအား ပံ့ပိုးကူညီသွားရန်၊
- ဒီမိုကရေစီတိုက်ပွဲအတွင်း လူထုလှုပ်ရှားမှုကို ဖော်ဆောင်နိုင်မည့် လူထုအခြေခံများ တည်ဆောက်သွားရန်၊
- ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာမိသားစုမှ စုပေါင်းအားထုတ်မှုများဖြင့် မြန်မာပြည်အရေး  ထိထိရောက်ရောက်ပါဝင် ဖြေရှင်းလာ စေရေးအတွက် ကြိုးပမ်းသွားရန်၊

# မန္တလေးနှင့်ရန်ကုန်တွင်ဖြစ်ပွားခဲ့သော ဗုံးပေါက်ကွဲမှုများနှင့်ပတ်သက်၍
## NLD(LA) MPU နှင့် FDB
## တို့၏ သဘောထားထုတ်ပြန်ကြေညာချက်

ယခုအခါ (မန္တလေးနှင့်ရန်ကုန်) မြို့တော်နှစ်ခုစလုံး၏ လူစည်ကားရာ အချက်အချာ နေရာများတွင် ဗုံးပေါက်ကွဲမှုများ ဆက်တိုက်ဖြစ်ပွားလာရသည်အထိ ပြည်တွင်းအခြေအနေသည် ပြင်းထန်လာခဲ့ပါပြီ။

အဆိုပါပေါက်ကွဲမှု ဖြစ်စဉ်များအတွင်း သေကျေထိခိုက်ဒဏ်ရာရရှိခဲ့ကြရသော အပြစ်မဲ့ ပြည်သူများအတွက် သက်ဆိုင်ရာ မိသားစုများနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ ဤလူမဆန်သည့် လုပ်ရပ်ကို မိမိတို့အင်အားစုများ အနေဖြင့် ပြင်းပြင်းထန်ထန် ဆန့်ကျင်ရှုတ်ချပါသည်။

မြို့တော်နှစ်ခု(မန္တလေးနှင့်ရန်ကုန်)တွင် အစီအရီ ဖြစ်ပွားခဲ့သော ပေါက်ကွဲမှုများနှင့် ပတ်သက်၍ (နအဖ) စစ်အစိုးရတွင်သာ လုံးဝတာဝန်ရှိပြီး၊ ဤဖြစ်ရပ်သည် စစ်အုပ်စုတွင်းပဋိပက္ခများ၏ အကျိုးဆက်လည်း ဖြစ်ပါသည်။ ထို့အပြင် ဤကဲ့သို့လူမဆန်ပြီး စနစ်ကျနသည့် ချိန်ကိုက်ဖေါက်ခွဲမှုများကို (နအဖ)စစ်အစိုးရ၏ အဖျက်အမှောင့် လုပ်ငန်းဌာနများကလွဲလျှင်မည်သူမျှ၊ မည်သည့်အဖွဲ့အစည်းမျှ လုပ်ဆောင်နိုင်စွမ်းသည့် ကိစ္စမဟုတ်ပါ။

ဗုံးပေါက်ကွဲမှုများနှင့်ပတ်သက်၍ KNU/KNPP/SSA (တောင်ပိုင်း)၊ NCGUB တို့ကို (နအဖ)စစ်အစိုးရက အရှက်ကင်းမဲ့စွာ စွပ်စွဲအပြစ်တင်နေခြင်းမှာ အခြေအမြစ် ကင်းမဲ့လွန်းလှပြီး၊ လုပ်ကြံစွပ်စွဲချက် သက်သက်မျှသာဖြစ်ပါသည်။

သို့ပါ၍ အဆိုပါဗုံးပေါက်ကွဲမှု ဖြစ်စဉ်များနှင့်ပတ်သက်ပြီး ဖေါက်ခွဲမှု၏ လက်သည်တရားခံကို တိတိကျကျ ရှင်းလင်းဖော်ထုတ်ပေးရန် (နအဖ)စစ်အစိုးရတွင် တာဝန်ရှိသည်ဟု မိမိတို့အင်အားစုက အခိုင်အမာ ယူဆပါသည်။

နအဖ စစ်အုပ်စုသည် လက်ရှိ မြန်မာနိုင်ငံတွင် ကြုံတွေ့နေရသော နိုင်ငံရေး၊ စီးပွားရေး အကြပ်အတည်းများအား နိုင်ငံရေးနည်းဖြင့် ဖြေရှင်းရန် ဒီမိုကရေစီအင်အားစုအသီးသီးက တင်ပြတောင်းဆိုမှုများကို ဆန့်ကျင်ငြင်းပယ်ပြီး လူထု၏ အသက်အိုးအိမ်များကို အကြမ်းဖက် ဗုံးခွဲသတ်ဖြတ်ကာ လမ်းကြောင်း ပြောင်းလိုက်ခြင်း ဖြစ်သည်ဟု မိမိတို့မှ ရှုမြင်ပါသည်။

ဤလုပ်ရပ်သည် ပိုမိုဆိုးဝါးသည့် ဖိနှိပ်၊ အကြမ်းဖက်မှုများကို လုပ်ဆောင်ရန် အစပြုချက်လည်း ဖြစ်နိုင်သည့်အတွက် နအဖ စစ်အုပ်စု၏ လုပ်ရပ်တိုင်းကို ပြည်သူတရပ်လုံး အနေဖြင့် သတိကြီးစွာထားပြီး၊ ပိုမို ညီညီညွတ်ညွတ် ရှိကြဖို့လိုကြောင်း မိမိတို့ အင်အားစုမှ အလေးအနက် အသိပေးပန်ကြားအပ်ပါသည်။

အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်(လွတ်မြောက်နယ်မြေ) NLD (LA)
ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖွဲ့ (MPU)
မြန်မာနိုင်ငံ ဒီမိုကရက်တစ်အင်အားစု (FDB)

၂၀၀၅ ခုနှစ်၊ မေလ (၉)ရက်။

ဆက်သွယ်ရန် – ကိုဌေးလင်း (၆၆) ၁ ၄၇၅ ၉၂၂၃

# NDF (၂၉)နှစ်မြောက် အခမ်းအနား ကျင်းပ



အမျိုးသမီးအဖွဲ့အစည်းများကိုယ်စား BWU မှ စည်းရုံးရေးနှင့် လေ့ကျင့်ပညာပေးရေးဌာနတာဝန်ခံ မတင်တင်နွယ်က တာဝန်ယူဆွေးနွေးစဉ်

အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု (NDF)၏ (၂၉)နှစ်မြောက် အခမ်းအနားကို မေလ (၁၀)ရက်နေ့၌ NDF ရုံးတွင် ကျင်းပခဲ့သည်။

NDF အဖွဲ့ဝင် အဖွဲ့အစည်းများ၊ ဖိတ်ကြားထားသော အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများ၊ သတင်းဌာနများ စုံညီစွာတက်ရောက်ကြသည်။ အခမ်းအနားတွင် 'အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု ပဉ္စမအကြိမ်ညီလာခံသက်တမ်း ဒုတိယအကြိမ်ဗဟိုသဘာပတိ အစည်းအဝေး၏ ထုတ်ပြန်ကြေညာချက်' ကိုလည်း တက်ရောက်လာသူများအား ဖြန့်ဝေခဲ့သည်။ "NDF ကို ၁၉၇၆ ခုနှစ်မှာ စတင်ပြီး ဖွဲ့စည်း ခဲ့ကြောင်း၊ 'သီးခြားလွတ်လပ်ရေး ခွဲထွက်ရေး' ဆိုတာတွေကို NDF အနေဖြင့် တောင်းဆိုသွားမည် မဟုတ်ကြောင်း၊ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အာမခံမည့် ဖက်ဒရယ်ပြည်ထောင်စုစစ်စစ် တည်ဆောက်နိုင်ရေး အတွက် ညီညီညွတ်ညွတ်တိုက်ပွဲဝင် သွားမည်ဖြစ်ကြောင်း" သဘာပတိအဖွဲ့မှ ပြောဆိုသွားခဲ့ပါသည်။

တက်ရောက်လာသော လူငယ်အဖွဲ့အစည်းများကိုယ်စား လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ တွဲဖက်အထွေထွေ အတွင်းရေးမှူး(၂) ကိုငွေလင်းမှ တာဝန်ယူဆွေးနွေးခဲ့သည်။ ဆွေးနွေးချက်တွင် "NDF ဟာ သမိုင်းတာဝန်တွေ ကျေခဲ့ကြောင်း၊ NDF ဖွဲ့ဖို့လိုတဲ့ အချိန်မှာ NDF ကို ဖွဲ့ခဲ့ပြီး၊ DAB ဖွဲ့ဖို့လိုတဲ့ အချိန်မှာ DABကို ဖွဲ့စည်းနိုင်ခဲ့ကြောင်း၊ အလားတူပဲ NCUB ဖွဲ့ဖို့လိုအပ်လာတဲ့အခါမှာလည်း NCUBကို ဖွဲ့စည်းနိုင်ခဲ့ကြောင်း၊ အခုအချိန်မှာ နိုင်ငံရေးအရအလွန်အရေးကြီးတဲ့ အဆစ်အချိုးကို ရောက်နေပြီလို့ယူဆပါကြောင်း၊ လက်နက်ကိုင် တော်လှန်ရေးအင်အားစုတွေကို နအဖ က လက်နက်ဖြုတ်ဖို့၊ လက်နက်ချခိုင်းဖို့ အတင်းအကြပ် ကြိုးပမ်းနေကြောင်း၊ NC အတုအယောင်ကို ဖွတ်တရွတ် တွန်းတင်နေကြောင်း၊ ပြည်တွင်းမှာလည်း ရွေးကောက်ပွဲ အနိုင်ရပါတီတွေကို လုပ်ပိုင်ခွင့်တွေ ကန့်သတ်ပိတ်ပင်နေကြောင်း၊ အခုဆိုရင် ဗုံးခွဲမှုများကို ဖန်တီးနေပြီး ဒီဖက်က တော်လှန်ရေးအင်အားစုများကို နိုင်ငံရေးအရသိက္ခာချဖို့ ကြိုးစားနေကြောင်း၊ ဒီအတွက် အတိုက်အခံအင်အားစုများအတွင်း ညီညွတ်ရေးဟာ ဘယ်တုန်းဘယ်အခါကထက်မဆို ပိုပြီးအရေး ကြီးလာကြောင်း၊ NDF နှင့် ကျနော်တို့ရဲ့ လက်တွဲဆောင်ရွက်မှုများကို တိုးမြှင့်သွားချင်ပါကြောင်း" ပြောဆိုဆွေးနွေးခဲ့ပါသည်။

တက်ရောက်လာသော အမျိုးသမီးအဖွဲ့အစည်းများကိုယ်စား BWU မှ စည်းရုံးရေးနှင့် လေ့ကျင့်ပညာပေးရေးဌာနတာဝန်ခံ မတင်တင်နွယ်က တာဝန်ယူဆွေးနွေးခဲ့သည်။ မတင်တင်နွယ်က "NDF ရဲ့ ဖက်ဒရယ်ပြည်ထောင်စုစစ်စစ်တည်ဆောက်နိုင်ရေးအတွက် ကြိုးစားသွားမယ်ဆိုတဲ့ သန္နိဋ္ဌာန်ကို ထောက်ခံကြောင်း၊ သုံးပွင့်ဆိုင် တွေ့ဆုံဆွေးနွေးအဖြေရှာရေးအတွက် ပြင်ဆင်မှုတွေ ဘက်ပေါင်းစုံ လုပ်ကြရမယ်ဆိုတာကိုလည်း ထောက်ခံပါကြောင်း၊ ကနေ့အခြေအနေကြီးကို တွေ့ဆုံဆွေးနွေးပြီး အဖြေရှာကြရင် အကောင်းဆုံးဖြစ်မယ်လို့ ယုံကြည်ပါကြောင်းနှင့် NDF နှင့် လက်တွဲဆောင်ရွက်သွားဖို့အသင့်ရှိပါကြောင်း" ရင်းနှီးပွင့်လင်းစွာ ပြောဆိုဆွေးနွေးခဲ့ပါသည်။

အခမ်းအနားမှာ နံနက် ၁၀ နာရီမှ နေ့လည် ၁၂ နာရီခွဲထိ ကျင်းပခဲ့ကြပြီး တက်ရောက်သူ စုစုပေါင်း(၁၀၀)နီးပါးရှိသည်ဟု သတင်းရရှိပါသည်။

# မြန်မာ့အမျိုးသမီးသမဂ္ဂက ငြိမ်းချမ်းရေးတည်ဆောက်မှုသင်တန်း ပြုလုပ်

မြန်မာ့အမျိုးသမီးသမဂ္ဂ (BWU) က ငြိမ်းချမ်းရေး တည်ဆောက်မှု သင်တန်း (Peace Building Training)ကို စက်ရုံအလုပ်သမားများအား မေလ (၅)ရက်မှ (၇)ရက်နေ့အထိ (၃)ရက်ကြာ မြန်မာ့အမျိုးသမီးသမဂ္ဂ ခေတ္တနားခိုရာရိပ်မြုံ (BWU Drop in Center) တွင် ပြုလုပ်ခဲ့သည်။

အဆိုပါသင်တန်းတွင် မြန်မာ့အမျိုးသမီးသမဂ္ဂ အထွေထွေအတွင်းရေးမှူး နော်လေးဒီမှ နည်းပြဆရာမအဖြစ် ဆောင်ရွက်ခဲ့ပြီး ငြိမ်းချမ်းရေးအဓိပ္ပာယ်၊ အကြမ်းဖက်မှုကိုဖြစ်ပေါ်စေသော အကြောင်းတရား၊ ငြိမ်းချမ်းရေးနှင့် ယဉ်ကျေးမှုဆက်စပ်ပုံ၊ ငြိမ်းချမ်းရေးနှင့် ဆက်နွယ်သော အကြောင်းအရာများကို သင်ကြားပို့ချပေးခဲ့ခြင်းဖြစ်သည်။

၎င်းသင်တန်းတွင် ယူနီအိုးရှင်းစက်ရုံနှင့် BWU Intern မှ သင်တန်းသား/သင်တန်းသူ (၁၉)ယောက် တက်ရောက်ခဲ့သည်။

# ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ကျောင်းသားခေါင်းဆောင် (၈)ဦးကို ရဲချုပ်ကခေါ်ယူ

ရန်ကုန်မှာ ဗုံး(၃)လုံးဆက်တိုက်ပေါက်ကွဲပြီး နောက်တစ်ရက်တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ခင်ရီက ကျောင်းသားခေါင်းဆောင် (၈)ဦးကို ခေါ်ယူတွေ့ဆုံခဲ့ပါသည်။

ကျောင်းသားခေါင်းဆောင်(၈)ဦးမှာ ကိုမင်းကိုနိုင်၊ ကိုကိုကြီး၊ ကိုမင်းဇေယျ၊ ကိုဇော်မင်း၊ ကိုပြုံးချို၊ ကိုမော်လင်း၊ ကိုဇေယျနှင့် ကိုရဲနိုင်အောင်တို့ဖြစ်ကြပါသည်။ ရဲချုပ်ခင်ရီနှင့်အတူ (ဒု)ရဲချုပ်၊ သတင်းတပ်ဖွဲ့မှူးနှင့် အဖွဲ့ဝင်များလည်းပါဝင်သည်ဟု သိရပါသည်။ ဗုံးပေါက်ကွဲမှုအပေါ် ကျောင်းသားခေါင်းဆောင်များ၏အမြင်ကို ခေါ်ယူမေးမြန်းခြင်းဖြစ်သည်ဟု သတင်းများက ဆိုပါသည်။ အလားတူ ပြည်ထဲရေးဝန်ကြီး ဗိုလ်ချုပ် မောင်ဦးကလည်း ဤကျောင်းသားခေါင်းဆောင်များကို မေလ(၄)ရက်နေ့က ခေါ်ယူတွေ့ဆုံခဲ့သေးသည်ဟုဆိုပါသည်။

ကိုမင်းကိုနိုင်၏ RFA အင်တာဗျူးမှာတော့ "ဘာမျှမပြောလင့် စေချင်ကြောင်း၊ ထူးခြားသည့်အပြောင်းအလဲတခုခုများ ဖြစ်သွားလေမလား ဆိုတာမျိုး မမျှော်လင့်စေချင်ကြောင်း၊ တွေ့ဆုံမှုမှာ သာမန်မျှသာဖြစ်ကြောင်း" ပွင့်ပွင့်လင်းလင်းပြောဆိုသွားခဲ့ပါသည်။

နိုင်ငံရေးအကဲခတ်သူများကတော့ ... "တွေ့ဆုံတာကတော့ ကောင်းပါတယ်၊ ဒါပေမဲ့ နအဖ က မရိုးသားတော့ ကျောင်းသားခေါင်းဆောင်တွေ အနေနှင့် အများကြီးသတိထားဖို့လိုလိမ့်မယ်"လို့ ပြောဆိုနေကြကြောင်း သတင်းများထွက်ပေါ်နေပါသည်။

# ညာမူကုန်းထိုးစစ်အတွင်း နအဖ စစ်တပ်က ဓာတုလက်နက်သုံးစွဲ

ကရင်နီတပ်မတော် ညာမူကုန်းစခန်းကို တိုက်ခိုက်ရာတွင် နအဖ စစ်တပ်သည် ဓာတုလက်နက်များ အသုံးပြုခြင်း ရှိမရှိကို သိရှိနိုင်ရန် ဆွစ်ဇာလန်နိုင်ငံရှိ ဓာတ်ခွဲခန်းတွင် စမ်းသပ်နေကြောင်းသိရပါသည်။

"မြေမှုန့်တွေ၊ ကရင်နီတပ်မတော်ယူနီဖောင်းအစတွေ၊ လက်နက်ကြီးကျည်ခွံအစအနအချို့နဲ့ အခြားသဲလွန်စတွေကို စမ်းသပ်ဖို့ ယူသွားကြတယ်"ဟု ကရင်နီနိုင်ငံခြားရေးတာဝန်ခံ စောဒိုစေးက ပြောကြားသည်။

ကမ္ဘာတဝှမ်း ခရစ်ယာန်သွေးစည်းညီညွတ်ရေးအဖွဲ့ Christians Solidarity Worldwide (CSW)က တိုက်ပွဲအတွင်း ဗုံးအဏ်သင့်၍ ဝေဒနာခံစားနေရသည့် ကရင်နီစစ်သားများ၏ ရောဂါလက္ခဏာများအပေါ်အခြေခံ၍ နအဖ စစ်တပ်က ဓာတုလက်နက်ကို သုံးစွဲသည်ဟု လွန်ခဲ့သည့် ဖေဖြီလက ထုတ်ပြန်ခဲ့ပါသည်။

"ဓာတုလက်နက် ပုံစံကြီးတွေက အချင်း(၆)လက်မလောက်ရှိတယ်။ သူ့ကိုထမ်းရင် မျက်နှာတွေမှာ ပုဝါတွေစီးပြီး ထမ်းရတယ်။ အဲဒီဘေးနားက ကျနော်တို့ (ဆီနီယာ) ရဲဘော်ကြီးတဦးက ပြောတယ်။ မင်းတို့ အဲဒါတွေ လွတ်မကျစေနဲ့၊ ဓာတုလက်နက်တွေ၊ အထဲမှာအဆိပ်တွေပါတယ်။ အဲလိုပြောတယ်"ဟု နအဖ စစ်တပ်မှ နယ်စပ်သို့ ဖေဖြီလ နောက်ဆုံးပတ် က ထွက်ပြေးရောက်ရှိလာသည့် ကလေးစစ်သား မောင်မျိုးမင်းက ရှင်းလင်းပြောကြားခဲ့ပါသည်။

၁၉၉၇ မေလတွင် စတင်ဖွဲ့စည်းသည့် နယ်သာလန်အခြေစိုက် ဓာတုလက်နက်ကာကွယ်တားမြစ်ရေးအဖွဲ့ OPCW ၏ အဖွဲ့ဝင် (၁၆၇)နိုင်ငံထဲတွင် နအဖစစ်အစိုးရက ပါဝင်လက်မှတ်ရေးထိုးခဲ့ပြီး ၎င်းတို့ အနေဖြင့် ညာမူကုန်းတိုက်ပွဲတွင် ဓာတုလက်နက် မသုံးစွဲခဲ့ကြောင်းကို အကြောင်းအကျိုး အချက်အလက်မဲ့စွာ ငြင်းဆိုနေပါသည်။

# ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးအင်အားစုမှ ရုံးဝန်ထမ်း သင်တန်းဖွင့်လှစ်

ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု (Network for Democracy and Development-NDD) သည် ရုံးဝန်ထမ်းသင်တန်း (Office Staff Training) တခုကို မယ်လဦ ဒုက္ခသည်စခန်းရှိ အဖွဲ့အစည်း၏ သင်တန်းခမ်းမတွင် ၈၊ ၅၊ ၀၅ နေ့မှစတင်၍ ၂၀၊ ၅၊ ၀၅ နေ့အထိ သီတင်းနှစ်ပတ်ခန့်ကြာ ဖွင့်လှစ်ပို့ချသင်ကြားလျက်ရှိပါသည်။

အဆိုပါ သင်တန်းသို့ NDD, ABSDF, BWU စသည့် ဒီမိုကရေစီအင်အားစုအဖွဲ့အစည်းများ KWO, KNU, KYO, KSNG, KYLMC စသည့် ဒုက္ခသည်စခန်းအတွင်းမှ ကရင်အမျိုးသားများ၏ အဖွဲ့အစည်းများနှင့် BPA ခေါ် ဗမာ့မျိုးချစ် တပ်မတော်တို့မှ သင်တန်းသားစုစုပေါင်း ၂၄ ယောက်တက်ရောက် လေ့လာ သင်ကြားလျက်ရှိပါသည်။

ရုံးလုပ်ငန်းများကို ရင်းနှီးကျွမ်းဝင်သိရှိလာစေရန်၊ ရုံးလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်တတ်လာစေရန်၊ သက်ဆိုင်ရာ မိခင်အဖွဲ့အစည်းများ၏ ရုံးလုပ်ငန်းဆောင်ရွက်မှုများတွင် ပိုမိုထိထိရောက်ရောက်စွမ်းဆောင်လာစေနိုင်ရန် ရည်ရွယ်၍ ယခုသင်တန်း အားဖွင့်လှစ် ပို့ချခြင်း ဖြစ်ပါသည်။

သင်တန်းတွင် NDD သင်တန်းအဖွဲ့မှ သင်တန်းဆရာ ၄ ဦးက ပို့ချသင်ကြား လျက်ရှိပါသည်။ သင်တန်းတွင် ရုံးလုပ်ငန်းဆောင်တာ လုပ်ဆောင်မှု (Office Function) တွင် အကျုံးဝင်သော စာပို့စာလက်ခံ၊ တယ်လီဖုန်းလက်ခံ စသည့် စာဝင်စာထွက် (Dispatch)၊ စီမံခန့်ခွဲမှုစွမ်းရည်၊ အခြေခံစာရင်းကိုင်၊ ဖိုင်စနစ်များ၊ ပဋိပက္ခဖြေရှင်းခြင်း၊ အစည်းအဝေးမှတ်တမ်းရေးသားခြင်း (meeting minutes)စသည့် ခေါင်းစဉ်များကို ထည့်သွင်းပို့ချသင်ကြားပေးလျက်ရှိပါသည်။

■ ■ ■ ■

# (၁၁၅) ကြိမ်မြောက် မေဒေးနေ့အခမ်းအနား BLSO တွင် ကျင်းပ




ပြီးခဲ့သည့် မေလ (၁)ရက်နေ့က မြန်မာနိုင်ငံ အလုပ်သမား သွေးစည်းညီညွတ်ရေးအဖွဲ့ BLSO ရုံးတွင် (၁၁၅) ကြိမ်မြောက် မေဒေးနေ့ အခမ်းအနားကို ကျင်းပခဲ့ကြပါသည်။ အခမ်းအနားမှာ နိုင်ငံရေးပါတီ အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ အလုပ်သမားခေါင်းဆောင်များ၊ အလုပ်သမားများ စုစုပေါင်း (၁၀၀)နီးပါးတက်ရောက်ခဲ့ကြပါသည်။ ထိုင်းနိုင်ငံအလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် ဥက္ကဋ္ဌဟောင်းလည်းဖြစ်ပြီး ယခုလောလောဆယ်တွင် အလုပ်သမားအခွင့်အရေး ကူညီစောင့်ရှောက်ရေး NGO တခုမှာ ဝင်ရောက်တာဝန်ယူနေသူ ထိုင်းအမျိုးသား Mr.Saner Boonthong လည်း တက်ရောက်ပြီး နှုတ်ဆက်စကားပြောဆိုပါသည်။ အခမ်းအနားမှာ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ တွဲဖက်အထွေထွေအတွင်းရေးမှူး(၂) ကိုငွေလင်းမှလည်း '၁၉၇၀ ကျော်က အလုပ်သမားတိုက်ပွဲများနှင့် ကျနော်ရှာဖွေတွေ့ရှိခဲ့သော အလုပ်သမားစိတ်ဓါတ်'ဆိုသည့် ခေါင်းစဉ်ဖြင့် တက်ရောက်ဟောပြော ဆွေးနွေးခဲ့ပါသည်။ အခမ်းအနားမှာ နံနက် (၉)နာရီခွဲမှ နေ့လည် (၁၂)နာရီအထိ ကျင်းပခဲ့ကြသည်ဟု သတင်းရရှိပါသည်။

# ပြည်သူ့ကာကွယ်ရေးတပ် (PDF) ရုံးတွင် အင်္ဂလိပ်စာ သင်တန်းပို့ချ



ပြည်သူ့ကာကွယ်ရေးတပ် People's Defence Force (PDF) ဗဟိုရုံးတွင် အဖွဲ့ဝင်များနှင့် ကျောင်းသားလူငယ်များ နိုင်ငံခြားဘာသာရပ် အရည်အသွေးမြင့်တင်ရန်အတွက် ယခုလ (၆)ရက်နေ့တွင် စတင်၍ (၃)လ ကြာ အင်္ဂလိပ်စာသင်တန်းကို ဖွင့်လှစ်ပို့ချခဲ့သည်။

အဆိုပါသင်တန်းကို Burma Volunteer Program (BVP) အဖွဲ့အစည်းမှ ဆရာမတစ်ဦးဖြစ်သည့် Alexa Royce Silver က သင်တန်းသူ/သား (၁၄)ဦးကို Upper-Intermediate နှင့် Intermediate သင်တန်းနှစ်ခုခွဲ၍ သင်ကြားပို့ချနေခြင်းဖြစ်သည်။

အဆိုပါသင်တန်းတွင် သင်တန်းသားများကို အင်တာနက်ဝက်ဆိုက်များတွင် အင်္ဂလိပ်ဘာသာဖြင့်ရေးသားထားသည့် သတင်းနှင့် ဆောင်းပါးများကို ဖတ်ရှုနားလည်စေရန်နှင့် သတင်းရေးသားနည်းများ၊ အင်္ဂလိပ်စကားပြောရာတွင် စနစ်ကျစေရန်နှင့် သဒ္ဒါနည်း မှန်ကန်စွာ Essay ရေးသားနည်းများ၊ Knowledge skill အတွက် နိုင်ငံတကာ အကြောင်းအရာများကို လေ့ကျင့်သင်ကြားပေးခြင်းဖြစ်သည်။

# အလုပ်ထုတ်ပယ်ခံ အလုပ်သမားများအတွက် အလုပ်ရုံဆွေးနွေးပွဲပြုလုပ်



မက်(ပ်)ဖောင်ဒေးရှင်းနှင့် ရောင်ခြည်ဦးအလုပ်သမားများ အဖွဲ့တို့က ယူနီအိုးရှင်း အထည်ချုပ်စက်ရုံမှ အလုပ်သမားကိုယ်စားလှယ်များနှင့် အလုပ်သမားများကို ဥပဒေအကြောင်းအရာများ၊ အလုပ်သမားအခွင့်အရေးများနှင့်သက်ဆိုင်သည့် အလုပ်ရုံဆွေးနွေးပွဲကို မဲဆောက်မြို့ တနေရာတွင် ပြီးခဲ့သည့်လ (၂၇)ရက်နေ့က ပြုလုပ်ခဲ့သည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် အလုပ်သမားကိုယ်စားလှယ် (၁၀)ဦးနှင့် အလုပ်သမား(၅)ဦးပါဝင်ပြီး အလုပ်သမားအခွင့်အရေးများနှင့် ဥပဒေအကြောင်းအရာများကို မက်(ပ်)ဖောင်ဒေးရှင်းမှ Human Director အပါအဝင်နှစ်ဦးနှင့် ရောင်ခြည်ဦးအလုပ်သမားများအဖွဲ့မှ ကိုယ်စားလှယ်များက ဦးဆောင်ဆွေးနွေး ခဲ့ကြခြင်းဖြစ်သည်။

မြန်မာနိုင်ငံမှရောက်ရှိလာသည့် ရွှေ့ပြောင်းအလုပ်သမားအများစုသည် ထိုင်းနိုင်ငံအလုပ်သမားဥပဒေနှင့် အခွင့်အရေးများကို နားလည်မှုမရှိခဲ့သည့်အတွက် အလုပ်ခွင်အတွင်း မိမိတို့၏ ခံစားခွင့်များ ဆုံးရှုံးခဲ့ရသည်။

အဆိုပါအခွင့်အရေးများ ရရှိရန်တောင်းဆိုခွင့်ရှိသည်ကိုပင် မသိရှိခဲ့ကြောင်း ဆွေးနွေးပွဲတက်ရောက်သည့် အလုပ်သမားတစ်ဦးက ဆိုသည်။

ဆွေးနွေးရာတွင် အလုပ်သမားများအနေဖြင့် လက်ရှိ စက်ရုံအလုပ်ရုံအတွင်းတွေ့ကြုံရသည့် အခက်အခဲများ၊ အလုပ်ရှင် အလုပ်သမား ပြဿနာများ၊ လစာပုံမှန်ထုတ်ရက် မရရှိခြင်း၊ လုပ်ခနှင့် အလုပ်ချိန်မျှတမှု မရှိခြင်း စသည့် အလုပ်သမားအခွင့်အရေး ဆုံးရှုံးနစ်နာ မှုများကို ဆွေးနွေးခဲ့ကြသည်။

ရောင်ခြည်ဦးအလုပ်သမားများအဖွဲ့မှ တာဝန်ရှိသူတဦးက စက်ရုံအလုပ်ရုံအတွင်း အလုပ်ရှင်နှင့် ပဋိပက္ခဖြစ်ပွား၍ အလုပ်မှထုတ်ပယ်ခံခဲ့ရသည့် အလုပ်သမားများအတွက် လစဉ်ပုံမှန် ဆွေးနွေးပွဲပြုလုပ်၍ အလုပ်သမားများ ရင်ဆိုင်နေရသည့် အခက်အခဲများကို ပြေလည်မှုရှိစေရန် ကူညီဆောင်ရွက်မှုများပြုလုပ်လျက်ရှိကြောင်းပြောသည်။

---

# ရောင်ခြည်ဦးအလုပ်သမားများအဖွဲ့ စက်ချုပ်သင်တန်းဖွင့်လှစ်



မေလ (၁)ရက်နေ့ (၁၁၉) ကြိမ်မြောက် အလုပ်သမားများနေ့တွင် မြန်မာနိုင်ငံ ဒီမိုကရက်တစ်အင်အားစု (FDB) အဖွဲ့ဝင် အဖွဲ့အစည်း တစ်ခု ဖြစ်သည့် ရောင်ခြည်ဦးအလုပ်သမားများအဖွဲ့မှ ဦးစီး၍ မဲဆောက်မြို့ တနေရာ တွင် စက်ချုပ်သင်တန်းအမှတ်စဉ် (၅)ကို မေဒေးနေ့ အမှတ်တရအဖြစ် ဖွင့်လှစ်ခဲ့သည်။

“စက်ရုံအသီးသီးက အလုပ်မရရှိသေးသူများ၊ ဆန္ဒပြ၍ အလုပ်ဖြုတ်ခံရသူ ရွှေ့ပြောင်းအလုပ်သမားများအား စက်ရုံအလုပ်ခွင်များသို့ အလွယ်တကူ ဝင်ရောက်လုပ်ကိုင်နိုင်ရန် ရည်ရွယ်ချက်ဖြင့် ဖွင့်လှစ်ခဲ့ခြင်းဖြစ်တယ်”ဟု ရောင်ခြည်ဦးအလုပ်သမားများအဖွဲ့က တာဝန်ရှိသူတစ်ဦးမှ ပြောဆိုပါသည်။ စက်ချုပ်သင်တန်း ဖွင့်လှစ်ခြင်းသည် ယခု အကြိမ်ပါနှင့် ဆိုလျှင် (၅)ကြိမ်မြောက်ဖြစ်သွားပြီဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောဆိုခဲ့ပါသည်။

အဆိုပါသင်တန်းကို သင်တန်းနည်းပြအဖြစ် စက်ချုပ်ကျွမ်းကျင်သူ အမျိုးသမီး (၃)ဦးက သင်တန်းသူ/သင်တန်းသား အလုပ်သမား (၃၀)ခန့် အား စက်ရုံအလုပ်ခွင်များသို့ ဝင်ရောက်နိုင်သည်အထိ စက်ချုပ်သင်တန်းကို ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

---

# အလုပ်သမားအခွင့်အရေးဆိုင်ရာ ပညာပေးလက်ကမ်းစာစောင် ဖြန့်ချိ



‘အလုပ်သမားများအနေဖြင့် မိမိတို့၏ အခွင့်အရေးများကို သိရှိနားလည်အောင်လေ့လာပြီး ထိုအခွင့်အရေးများရရှိရန် ကြိုးစားတောင်းဆိုသင့်ကြောင်း အကြံပြု တိုက်တွန်းပါရစေ။’ဟူသော စာတန်းဖြင့် ‘အလုပ်သမားတိုင်း ရရှိခွင့်ရှိသည့် အခွင့်အရေးများ’ လက်ကမ်းစာစောင်ကို Map Foundation မှ ထုတ်ဝေပြီး ရောင်ခြည်ဦးအလုပ်သမားအဖွဲ့မှ ဖြန့်ချိပါသည်။

‘အလုပ်သမားအခွင့်အရေးသည် လူ့အခွင့်အရေးပင်ဖြစ်သည်’ ဟူသော ခေါင်းစဉ်ဖြင့်

အလုပ်သမားများ၏ နိုင်ငံရေးနှင့် စီးပွားရေးဆိုင်ရာ အခွင့်အရေးများကို ရေးသားထားသည်။ ပြီးနောက် အလုပ်သမားအခွင့်အရေး သဘောတရားများ၊ ရွှေ့ပြောင်းအလုပ်သမားများဆိုင်ရာမူဝါဒနှင့် စည်းမျဉ်းစည်းကမ်းများ၊ အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ချုပ် (ILO)၊ ရွှေ့ပြောင်းအလုပ်သမားများနှင့် မိသားစုဝင်များ၏ အခွင့်အရေးများကာကွယ်ရေးဆိုင်ရာ သဘောတူညီချက်စာချုပ်၊ လျော်ကြေး၊ အထူးလျော်ကြေး၊ လျော်ကြေးပေးရန် မလိုသော အလုပ်သမားများ၊ အလုပ်ချိန်၊ အလုပ်ပိတ်ရက်၊ လုပ်အားခ၊ လုပ်ငန်းခွင်ထိခိုက်ဒဏ်ရာအတွက် နစ်နာကြေး၊ ဒေသအလိုက် သတ်မှတ်ထားသော လုပ်အားခစံနှုန်းများ စသည်တို့ပါဝင်သည်။

ရွှေ့ပြောင်းအလုပ်သမားများ ရပိုင်သည့်အခွင့်အရေးများကို ချိုးဖောက်ခံရပါက မြန်မာဘာသာဖြင့် ဆက်သွယ်တိုင်ကြားနိုင်သည့် လိပ်စာများကိုလည်း ၎င်းစာစောင်၏ ကျောဖုံးတွင်ဖော်ပြထားပါသည်။ ■

# ၂၀၀၅ အာဆမ်နှင့် မြန်မာ့အရေး

မြန်မာ့ဒီမိုကရေစီအရေးကိစ္စနဲ့ပတ်သက်လို့ ဥရောပသမဂ္ဂနဲ့အာဆီယံ နိုင်ငံတွေအကြားတူညီတဲ့ သံတမန်ရေးလှုပ်ရှားမှုကတော့ မြန်မာစစ်အစိုးရကို အပြုသဘောဆွေးနွေးနားချလိုတဲ့ သဘောဖြစ်ပါတယ်။ အခြားမတူညီတဲ့ ချဉ်းကပ်မှုတွေလည်းရှိပါတယ်။ ဥရောပသမဂ္ဂကတော့ မြန်မာစစ်အစိုးရနဲ့ အပြုသဘောဆွေးနွေးလိုမှုကို ပြသနေသလို တဖက်မှာလည်း ဖိအားပေးမှု ကိုလည်း တလျှောက်လုံးကျင့်သုံးခဲ့ပါတယ်။ အာဆီယံနိုင်ငံတွေကတော့ မြန်မာပြည်အပေါ် အပြုသဘောဆောင်တဲ့ဆက်ဆံမှုကိုသာ တစိုက်မတ်မတ် ကျင့်သုံးပြီး ဝေဖန်မှုတွေကို ဝေ့ကာပတ်ကာတမျိုး တိုးတိုးတိတ်တိတ် တဖုံ လုပ်တဲ့ ချဉ်းကပ်မှုကို သုံးပါတယ်။

အာရှ–ဥရောပ နိုင်ငံခြားရေးဝန်ကြီးတွေရဲ့ ၂၀၀၅ ခုနှစ်အစည်းအဝေး ကို ဂျပန်နိုင်ငံ တိုကျိုမှာ အခုနှစ် မေလဆန်းက ကျင်းပသွားပါတယ်။ ဥရောပ သမဂ္ဂနိုင်ငံခေါင်းဆောင်တွေဟာ မြန်မာစစ်အစိုးရကိုယ်စားလှယ်အဖွဲ့ တွေကို အစည်းအဝေးအပြင်ပန်းမှာ သီးခြားတွေ့ဆုံပြီး မြန်မာပြည်ဒီမိုကရေစီရေး အမျိုးသားပြန်လည်သင့်မြတ်ရေးကိစ္စတွေအပေါ် သူတို့ရဲ့ စိုးရိမ်မှုတွေကို ထုတ်ဖော်ခဲ့တယ်လို့ သိရပါတယ်။ ဒေါ်အောင်ဆန်းစုကြည်အပါအဝင် အခြား နိုင်ငံရေးအကျဉ်းသားတွေကို လွှတ်ပေးဖို့နဲ့ မြန်မာစစ်အစိုးရက ဦးဆောင် လုပ်နေတဲ့ နိုင်ငံရေး လုပ်ငန်းစဉ်ထဲမှာ အတိုက်အခံတွေကို ပါဝင်ဆောင်ရွက်ခွင့်ပြုဖို့ တိုက်တွန်းခဲ့ပါတယ်။ စစ်အစိုးရ နိုင်ငံခြား ရေးဝန်ကြီး ဦးဉာဏ်ဝင်း ကတော့ ဥရောပသမဂ္ဂ နိုင်ငံတွေရဲ့ မြန်မာပြည်အပေါ် ဝေဖန်မှုတွေကို ပယ်ချခဲ့ပြီး၊ ဥရောပနိုင်ငံတွေရဲ့ အကြံပေးတင်ပြချက်တွေကို အထက်ကို ပြန်လည် အကြောင်းကြားမယ်လို့ ဆိုပါတယ်။ မြန်မာပြည်မှာ အမျိုးသား ပြန်လည် သင့်မြတ်ရေးနဲ့ တွေ့ဆုံဆွေးနွေးရေးကိစ္စတွေကို ဆက်လက် လုပ်ဆောင်နေတယ်၊ တိုးတက်တဲ့အခြေအနေမှာ ရှိနေတယ်လို့ ဆိုပြန်တယ်။ စစ်အစိုးရ ကျင်းပနေတဲ့ အမျိုးသားညီလာခံကို ရည်ညွှန်းပုံရပါတယ်။

အာရှ–ဥရောပ နိုင်ငံခြားရေးဝန်ကြီးတွေရဲ့ အစည်းအဝေးတိုင်းမှာ ခေါင်းစဉ် ၅ ခု ရှိပါတယ်။ အခု ၂၀၀၅ခုနှစ်မှာတော့ ခေါင်းစဉ်တွေထဲက တခု ဖြစ်တဲ့ ဒေသအတွင်းဖြစ်ထွန်းမှုဆိုတဲ့ခေါင်းစဉ်အောက်မှာ မြောက်ကိုးရီးယား ကိစ္စ၊ မြန်မာအရေးနဲ့ ဘော်လကန်ပြဿနာတွေကို ဆွေးနွေးခဲ့ကြပါတယ်။ ဒါပေမယ့် ဒေသအတွင်း ဖြစ်ထွန်းမှုဆိုတဲ့သည်ခေါင်းစဉ်ကို ဆွေးနွေးပွဲကြီး အတွင်းမှာ ပုံမှန်လိုဆွေးနွေးတာတော့ မဟုတ်ပါဘူး။ ခေါင်းဆောင်တွေအကြား ပေါ့ပေါ့ပါးပါးနဲ့ အပြုသဘောဖြစ်အောင် ဆွေးနွေးလိုတဲ့ပုံရှိပါတယ်။ ဒါကြောင့် သည်ခေါင်းစဉ်ဟာ အာရှ–ဥရောပခေါင်းဆောင်တွေရဲ့ အလွတ်သဘော ညစာစား ဆွေးနွေးပွဲခေါင်းစဉ်အနေနဲ့ ရှိနေပါတယ်။ ဒါ့ကြောင့်လည်း တတ်ရောက်လာတဲ့ အာရှ–ဥရောပခေါင်းဆောင်တွေအကြား မြန်မာအရေးနဲ့ ပတ်သက်လို့ ဘယ်လိုပြောဆိုခဲ့ကြတယ်၊ သဘောထားတွေတူညီအောင် ဘယ်လို ညှိနှိုင်းခဲ့သလဲဆိုတာကို သတင်းထုတ်ပြန်တာမရှိသလို ဆုံးဖြတ်ချက် ရယ်လို့လည်း မထားပါဘူး။ ဒါပေမယ့် စိတ်ဝင်စားဖွယ်အချက်က တရုတ်၊

**ဥရောပသမဂ္ဂနိုင်ငံများအနေနဲ့ မြန်မာ့အရေးချဉ်းကပ်မှုမှာ အမေရိကန်ပြည်ထောင်စု ပေါ်လစီမျိုးမဟုတ်သလို၊ အာဆီယံနိုင်ငံတွေရဲ့ ချဉ်းကပ်မှုမျိုး မဟုတ်တာလည်းတွေ့ရပါတယ်။**

ဂျပန်အပါအဝင် အခြားအာဆီယံခေါင်းဆောင်တွေနဲ့ ဥရောပသမဂ္ဂ ခေါင်းဆောင်တွေအကြား မြန်မာ့အရေးအပေါ် နားလည်မှုတွေ ဘယ်လို ဖလှယ်ခဲ့ကြသလဲဆိုတာပါ။

အာဆမ်အစည်းအဝေးကြီးမတိုင်ခင် ဧပြီလအတွင်းမှာပဲ ဥရောပ ကော်မရှင်ကနေဦးစီးပြီး ၂၀၀၅ခုနှစ်မြန်မာနေ့ဆိုတဲ့ ဆွေးနွေးပွဲ တရပ်ကို ဥရောပသမဂ္ဂရုံးတွေအခြေစိုက်ရာ ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲမှာ ကျင်းပသွား ပါတယ်။ သည်ဆွေးနွေးပွဲမှာ မြန်မာပြည်အပေါ် ပိတ်ဆို့ဒဏ်ခတ်ရေးမူကို လက်မခံတဲ့ ပညာရှင်တွေနဲ့ မြန်မာပြည်တွင်း လူသားချင်းစာနာတဲ့အကူအညီ လုပ်ငန်းတွေမှာ ပါဝင်လုပ်ကိုင်နေသူတွေ အများစုပါဝင်တာကြောင့် ဥရောပ သမဂ္ဂရဲ့ မြန်မာပြည်အပေါ် ရပ်တည်ချက်ပြောင်းသွားပြီလားလို့ မြန်မာ့ ဒီမိုကရေစီ အင်အားစုတွေက စိုးရိမ်ခဲ့ကြပါတယ်။ ဥရောပကော်မရှင်တာဝန်ရှိ သူတွေရဲ့ တုန့်ပြန်ချက်မှာတော့ ဥရောပသမဂ္ဂရဲ့ ပေါ်လစီပြောင်းတာ မဟုတ် ဘူးလို့ ငြင်းဆိုပါတယ်။

ဥရောပသမဂ္ဂနိုင်ငံများအနေနဲ့ မြန်မာ့အရေးချဉ်းကပ်မှုမှာ အမေရိကန် ပြည်ထောင်စု ပေါ်လစီမျိုးမဟုတ်သလို၊ အာဆီယံနိုင်ငံတွေရဲ့ ချဉ်းကပ်မှုမျိုး မဟုတ်တာလည်းတွေ့ရပါတယ်။ မြန်မာစစ်ဗိုလ်ချုပ်တွေနဲ့ သူတို့အထက်လွှာ အသိုင်းအဝိုင်းကို တိုက်ရိုက်ထိမှန်နိုင်မယ့် ပိတ်ဆို့ဖိအား ပေး နည်းနာတွေကို ရှာကြံ ကျင့်သုံးနေသလို၊ တဘက်မှာလည်း စစ် အစိုးအနေနဲ့ အမျိုးသား ပြန်လည်သင့်မြတ်ရေး လုပ်ငန်းစဉ်တွေကို လုပ်လာနိုင်ဖို့ တွေ့ဆုံဆွေးနွေး နားချရေးသဘောထား လည်း တလျှောက်လုံး ကိုင်စွဲထားပါတယ်။ ဥရောပသမဂ္ဂကြီးရဲ့ အခြေခံ အုတ်မြစ်တရပ်ဖြစ်တဲ့ လူ့အခွင့်အရေးနဲ့၊ လူထုအခြေခံ အဖွဲ့အစည်းများ အားကောင်းလာရေး ပေါ်မှာတော့ ကြံ့ကြံ့ခိုင်ရပ်ထားတယ်လို့ ဆိုနိုင်ပါတယ်။ သည်အခြေခံပေါ်မှာပဲ မြန်မာပြည်အတွက် လူသားချင်းစာနာတဲ့ အထောက်အပံ့တွေကိုတော့ ပေးနေဆဲ ဖြစ်ပါတယ်။ ဒါပေမယ့် သည် အကူအညီတွေကို လိုအပ်နေတဲ့ မြန်မာပြည်သူတွေဆီ ဘယ်လိုအရောက် ပို့မယ်ဆိုတဲ့အပေါ်မှာ စဉ်းစား ရွေးခြယ်စရာတွေ ရှိလာပါတယ်။ ဥရောပသမဂ္ဂ အနေနဲ့ တတိယနိုင်ငံတွေကို သည်နေ့ကာလ ချဉ်းကပ်မှုပေါ်လစီမှာ လူ့အခွင့်အရေး အခြေခံဖွံ့ဖြိုး တိုးတက်မှု (Right-based Development) အပြင် အကူအညီများနဲ့ ပတ်သက်လို့ လိုအပ်ချက် အခြေခံချဉ်းကပ်မှု (Need-based Approach) အပေါ်မှာလည်း ထည့်တွက်ပါတယ်။

အာရှ–ဥရောပ နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးကာလအတွင်း ဥရောပသမဂ္ဂရဲ့ မြန်မာ့အရေးချဉ်းကပ်မှုအပေါ် အားမလို အားမရမှုတွေ ဒီမိုကရေစီအင်အားစုတွေအကြား ရှိခဲ့ပါတယ်။ အထူးသဖြင့် မြန်မာစစ်အစိုးရ ကိုယ်စားလှယ်အဖွဲ့နဲ့ ဆွေးနွေးမှုဟာ မြန်မာစစ်အစိုးရဗိုလ်ချုပ်ကြီးတွေကို ဘယ်လောက်အထိနားဝင်အောင် စွမ်းဆောင်နိုင်မလဲဆိုတာ သံသယရှိကြ ပါတယ်။ အထူးသဖြင့် အမေရိကန်ပြည်ထောင်စုရဲ့ မြန်မာ့အရေးရပ်တည် ချက်လိုမျိုး ဥရောပသမဂ္ဂအနေနဲ့ ပိတ်ဆို့ဖိအားပေးမှုသက်သက်ကိုသာ

စာမျက်နှာ (၈) သို့ ➪

လိုလားပုံ ရပါတယ်။ မြန်မာပြည်နဲ့ပတ်သက်လို့ အာဆီယံနည်းရဲ့ မအောင်မြင်မှုတွေကို အာဆီယံခေါင်းဆောင်အချို့ကိုယ်တိုင် ဝန်ခံရတဲ့ သဘောဖြစ်လာတာမို့၊ နိုင်ငံတကာသံခင်းတမန်ခင်းမှာ မြန်မာစစ်အုပ်စုကို ပိတ်ဆို့ဖိအားပေးရေးသက်သက် သွားစေလိုတဲ့ သဘောဖြစ်နေပါတယ်။

ဥရောပသမဂ္ဂရဲ့ မြန်မာ့အရေးချဉ်းကပ်မှုဟာ အထက်မှာ တင်ပြခဲ့သလို အမေရိကန်နည်းလဲမဟုတ်သလို အာဆီယံနည်းလည်း မဟုတ်ပါဘူး။ လူဆိုးတယောက်အတွက် လူ ၁၀ယောက်ဖမ်းတဲ့နည်း မဟုတ်ပါဘူး။

အင်မတန်ခေါင်းမာတဲ့ မြန်မာစစ်ဗိုလ်ချုပ်တွေကို နားဝင်လာအောင် သဘောထားပြောင်းလဲလာအောင် စည်းရုံးဆွဲဆောင်မှုကလည်း ဖိအားတစုံတရာမပါပဲမဖြစ်နိုင်ပါဘူး။ မြန်မာပြည်အတွက်ကတော့–လူထုအခြေခံအဖွဲ့အစည်းတွေအားမကောင်းပဲ၊ လူ့အခွင့်အရေး ယဉ်ကျေးမှုတွေ မထွန်းကားပဲ ဒီမိုကရေစီဖြစ်ထွန်းမှုတွေ တိုးတက်မလာဘူးဆိုတဲ့ ဥရောပစံနှုန်းပဲမှန်မလား၊ မြန်မာပြည်အရေးကို ကိုယ့်စံကိုယ့်ဟန်နဲ့ သွားရမယ်ဆိုတဲ့ အယူအဆမှန်မလား–ငြင်းခုန်ရဦးမှာပါ။ ■

မိုးခိုင်

# ကာတွန်း



(၁)

စိတ်မချမ်းမြေ့စရာ သတင်းတွေ ကျနော်တို့ ကြားနေ ကြရပါတယ်။

ဗုံးတွေ ကွဲတယ်။

ကွဲတာမှ ဆက်တိုက်ကို ကွဲတယ်။

ဧပြီ (၂၆)ရက်နေ့က မန္တလေး ဈေးချိုတော်မှာ ကွဲတယ်။

အပြစ်မဲ့ ပြည်သူ (၂)ဦး သေဆုံးရပြီး (၁၆)ဦးဒဏ်ရာရ သွားရတယ်။

အခုလည်း ၅ မိနစ်ခြား ရန်ကုန်ရဲ့ အချက်အချာ လူစည်ကားရာ ကုန်တိုက်ကြီးတွေမှာ (၃)လုံးဆက်တိုက်ကွဲပြန်ပြီ။

နအဖ သတင်းထုတ်ပြန်ရေးအဖွဲ့ရဲ့ ထုတ်ပြန်ချက်မှာ (၁၁)ဦး သေပြီး (၁၆၂)ဦး ဒဏ်ရာရရှိသွားပါသတဲ့။

သူပြောသလောက် ဘယ်ကမှာလဲ။ မျက်မြင်သက်သေများ ကတော့ (၅၀)ဝန်းကျင်သေပြီး၊ အနည်းဆုံး (၃၀၀)လောက် ဒဏ်ရာရနိုင် တယ်လို့ ဆိုပါတယ်။

ဒီဗုံးကို ဘယ်သူခွဲတာလဲ။

ဒီဗုံးကို ဘာကြောင့် ခွဲတာလဲ၊

ဒီဗုံးကြောင့် သေဆုံးကြရသူ ထိခိုက်ဒဏ်ရာရကြသူတွေကရော ဘယ်သူတွေလဲ။

(၂)

နအဖ စစ်အုပ်စုကတော့ ချက်ချင်း နာရီပိုင်းအတွင်းမှာ သတင်း ထုတ်ပြန်လိုက်တယ်။

ဒီဗုံးတွေကို KNU, KNPP, SSA (တောင်ပိုင်း)နှင့် NCGUB တို့က ခွဲတာလို့ မရှက်မကြောက်လုပ်ချလိုက်ပါတယ်။

အထောက်အထား ဘာရှိလို့လဲ၊ အချက်အလက် ဘာပြနိုင်သလဲ၊

မိနစ်ပိုင်း နာရီပိုင်းအတွင်းမှာ ဘာတွေ့ရှာဖွေတွေရှိသွားလို့လဲ၊

ဘာဆိုဘာမှ ရှာမတွေ့သေးဘဲနဲ့ ဒီလိုရမ်းပြီး စွပ်စွပ်စွဲစွဲ ပြောဆိုလိုက်တာက ဘာသဘောလဲ။ ဘာရည်ရွယ်ချက်လဲ။

အတော့်ကို ရီဖို့ကောင်းတယ်။ ဒါဟာ တကယ့်ခလေးကွက်ပဲ။

(၃)

လက်နက်ကိုင်တော်လှန်ရေး အင်အားစုတွေနှင့် NCGUB ကို နိုင်ငံရေးအရ သိက္ခာချဖို့၊ အဲဒီအင်အားစုတွေကို အကြမ်းဖက်သမားတွေ၊ စစ်သွေးကြွတွေ၊ ဖောက်ခွဲဖျက်ဆီးရေးသမားတွေအဖြစ် တံဆိပ်ကပ်ဖို့၊ လူထုတွေနဲ့ ရန်တိုက်ပြီး လူထုကြီးရဲ့ ဒီအင်အားစုတွေ အပေါ် စာနာထောက်ခံဝန်းရံနေမှုတွေကို လျှော့ချဖျက်သိမ်းပစ်ဖို့၊ တချက်ခုတ်လိုက်တာနဲ့ ငါးချက်ခြောက်ချက်ပြတ်အောင် သူကိုတိုင် ရက်ရက် စက်စက် ဖန်တီးလိုက်တာကလွဲလို့ တခြားဘာများဖြစ်နိုင်ဦးမှာလဲ။

(၄)

KNU အထွေထွေအတွင်းရေးမှူး ပဒိုမန်းရှာ ပြောသလို... ဒုတိယ ကမ္ဘာစစ်ကြီးဖြစ်ခါနီး ဂျာမဏီက ဂျာမန်ပါလီမန်အဆောက်အဦ (ရိုက်စ်စတက်နန်းတော်)ကို နာဇီတွေက သူတို့ကိုယ်တိုင်မီးရှို့ဖျက်ဆီးလိုက်ပြီး အတိုက်အခံခေါင်းဆောင် ဂျော်ဂျီဒီမီထရော့ ရှို့တာပါလို့ စွပ်စွဲ၊ ပြီးတော့ ရုံးတင်ပြီး သက်သေအတုတွေနဲ့ တရားစွဲခဲ့သေးတာပဲ။

ဒါပေမယ့် တရားခွင်မှာ ... သူတို့ပဲ ဗူးပေါ်သလို ပေါ်သွားပြီး ဂျော်ဂျီဒီမီထရောရဲ့ လျှောက်လဲချက်ဟာ ကမ္ဘာကျော် လျှောက်လဲချက် ဖြစ်သွားခဲ့ရတယ် မဟုတ်လား။

ညာတယ်ဆိုတာ တစုံတရာတော့လည်း ယုတ္တိရှိဦးမှပေါ့။

အခုလည်း မြန်မာပြည်ပေါက် နာဇီတွေ၊ သူတို့ဆရာဟစ်တလာလို အရှက်တကွဲဖြစ်ကြရပါပြီ။ သူတို့ စွပ်စွဲတာဟာ ယုတ္တိမဲ့လွန်းနေတဲ့အတွက် ပြည်တွင်းကလည်း မယုံ၊ နိုင်ငံတကာကလည်း လက်မခံ၊ ပိုလို့သာ အော့နှလုံးနာစရာဖြစ်ခဲ့ရပါပြီ။

(၅)

ကျနော် မှတ်မိနေသေးတယ်။

၁၉၉၆ ဒီဇင်ဘာမှာ ကျောင်းသားလှုပ်ရှားမှုတွေ ဖြစ်။

ကျောင်းသားလှုပ်ရှားမှုတွေက ... ရန်ကုန်မှာတင်မဟုတ်တော့ဘဲ မန္တလေး၊ မုံရွာ၊ တောင်ကြီး၊ စစ်တွေ၊ မော်လမြိုင် စတဲ့ မြို့ကြီးတွေကို ကူးစက်၊

# စစ်အုပ်စုရဲ့ မာယာ (သို့) တချက်ခုတ် ငါးချက်ပြတ် မက်သတ်ဒ်




ဇွန်မှိုင်း

ဒီမိုကရေစီလုပ်ဟန် ချို့တဲ့ပြီး ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး အလားအလာ အလွန်ကင်းမဲ့လွန်းတဲ့ အမျိုးသားညီလာခံမှ NLD က ထွက်လာခဲ့ပြီဖြစ်တာကြောင့် နဝတ ဟာ ဘာဆက်လုပ်လို့ လုပ်ရမှန်း မသိအောင်ဖြစ်နေချိန်၊

တဖက်မှာလည်း Visit Myanmar Year ဟာ ညှော်သည်မဝင် သလောက်ဖြစ်ပြီး အရှက်တကွဲဖြစ်ရမလို ဖြစ်နေတဲ့အချိန်၊

တပ်တွင်းမှာလည်း S(1), S(2) ဂိုဏ်းပြိုင်၊ အားပြိုင်ဖြစ်နေချိန်။ မရှင်းတတ်တော့ဘူး လမ်းပျောက်နေပြီ။

အဲဒီမှာပဲ … တချက်ခုတ် ငါးချက်ပြတ်နည်းနှင့် ဒီဇင်ဘာ (၂၅)ရက် နေ့မှာ စွယ်တော်ကို ဗုံးခွဲပြီး S(2) ဗိုလ်တင်ဦးကို လုပ်ကြံ သတ်ဖြတ်ခဲ့တာ အခုထိမှတ်မိနေပါတယ်။

ဗိုလ်တင်ဦးဟာ ဒီတပွဲမှာ ကံသီလို့ လွတ်မြောက်သွားပါတယ်။

ဒီဗုံးခွဲမှုကို နဝတ သတင်းစာရှင်းလင်းပွဲမှာတော့ 'သောင်းကျန်းသူ အဖျက်သမားတွေဟာ စွယ်တော်ဘုရားနှင့် ဘုရားဖူးပြည်သူတွေကို ဗုံးခွဲ တိုက်ခိုက်ခဲ့တယ်' လို့ မရှက်မကြောက် အခုလိုပဲ ပြောခဲ့တာပါ။

'လိမ်သာလိမ်၊ ဆက်သာလိမ်၊ လိမ်ပါများရင် အဟုတ်ထင်သွား လိမ့်မယ်' ဆိုတဲ့ ဟစ်တလာရဲ့ လမ်းညွှန်ကို ကျကျနနလိုက်နာရာမှာတော့ စစ်အုပ်စုဟာ လက်ဖျားခါလောက်တယ်။

ကျနော်မေးကြည့်ချင်တယ်။

ဗိုလ်တင်ဦး အိမ်ကို ပါဆယ်ဗုံးပို့ပြီး ဖောက်ခွဲခဲ့တာ ဘယ်သူလဲ။

ဗိုလ်တင်ဦး အိမ်နှင့် ဗိုလ်မောင်အေး အိမ်ကို သေနတ်နှင့် ပစ်သွားတာ ဘယ်သူလဲ။

ဗိုလ်တင်ဦးကို ဟတ်စကီးပါ ဖျက်ပြီး လုပ်ကြံသတ်ဖြတ်ခဲ့တာ ဘယ်သူလဲ။

(၆)

ပြီးတော့ တခုရှိသေးတယ်။

နဝတ/နအဖ စစ်အုပ်စုဟာ မျက်နှာပြောင်တိုက်တဲ့ နေရာ မှာလည်း နှစ်ယောက်မရှိဘူး၊

၁၉၈၉ ခုနှစ် ဇူလိုင်ထဲမှာ ရန်ကုန်မြို့တော်ခန်းမ ဗုံးကွဲတယ်။

တဆက်တည်းလိုလိုပဲ သံလျင်ရေနံချက်စက်ရုံ ဗုံးကွဲတယ်။

ဘယ်လိုမှ လက်သည်မပေါ်ဘူး၊ အင်မတန်တော်ပါတယ်လို့ ကြွားလုံးထုတ်နေတဲ့ သူ့ထောက်လှမ်းရေး Network ကြီးကလည်း ဘယ်လိုမှ မဖော်ထုတ်နိုင်ဘူး။

နိုင်ငံရေး ရာသီဥတုကလည်း 'အများပြည်သူ သဘောမတူတဲ့ အမိန့်အာဏာဟူသမျှ တာဝန်အရ ဖီဆန်ကြ' ဆိုတဲ့ ကာလ။

(၁၀၄)ပါတီရဲ့ ကိုယ်စားလှယ်အဖြစ် ဒေါ်စုကို တညီတညွတ်တည်း ဝိုင်းရွေးပေးထားတဲ့ ကာလ။

ဒီမိုကရေစီအင်အားစုတွေရဲ့ ညီညွတ်မှုဟာ သိတ်ကောင်းနေတဲ့ အချိန်မျိုး။

အဲဒီအချိန်မျိုးမှာ ဗုံးကွဲမှုတွေဖြစ်လာ။

လက်သည်ကလဲ ဘယ်လိုမှ ရှာမရအောင်ဖြစ်တော့ …

သံလျင်မြို့နယ်က NLD လူငယ်တွေကို ဖမ်းပြီး မတရား ရိုက်နှက်၊ စစ်ဆေး 'မဟုတ်ဘူး' လို့ အကြိမ်ကြိမ် ငြင်းနေတဲ့ ကြားက အကုန်လုံး သေဒဏ်၊ ကျွန်းဒဏ် မတရား ချပစ်ခဲ့တယ်။

သိပ်မကြာခင်မှာပဲ မိုးသီဟ(ခေါ်) ကိုကိုနိုင်ကို ထပ်ပြီးဖမ်းတယ်။ အပြင်းအထန်လူမဆန်အောင် Torture ပေးတယ်။ ဒီမှာ ကိုကိုနိုင်က သံလျင် ဗုံးခွဲတာရော၊ မြို့တော်ခန်းမ ဗုံးခွဲတာရော သူပါဆိုပြီး ဝန်ခံလိုက်ရတယ်။

ဒီမှာတင်ပဲ မိုးသီဟ (ခေါ်) ကိုကိုနိုင်ကို သေဒဏ်ပေးလိုက်ပါတယ်။ သေဒဏ်ပေးတဲ့နေရာမှာတော့ စစ်အုပ်စုက အတော်ရက်ရောတယ်။ အလွန်ထူးဆန်းတာက …

မှားဖမ်းပြီး မှားစီရင်ချက် အချခံထားရတဲ့ သံလျင် NLD လူငယ် တွေကို ပြန်မလွှတ်တော့ဘူး၊ ရက်ရက်နှင့် ဆက်ဖမ်းထားလိုက် တာ နှစ်ပြည့် တဲ့အထိ ခများများ အပြစ်မရှိဘဲ ထောင်ထဲမှာ ဒုက္ခခံသွားရရှာတယ်။

အခြားဘယ်နိုင်ငံက ဘယ်အစိုးရမဆို ဒီကိစ္စမျိုးကြုံလာရင် ဒီလို စဉ်းစားရဲမှာ မဟုတ်ဘူး။ သူကတော့ ဘာဥပဒေကိုမှ လေးစားလိုက်နာ ရကောင်းမှန်းမသိဘူး။ မျက်နှာကလဲ ပြောင်တယ်။

(၇)

ကျနော့်အမြင်ကတော့ …

နအဖ စစ်အုပ်စုဟာ နိုင်ငံရေးအရ ဘေးကျပ်နံကျပ် ဖြစ်လာပြီဆိုရင်၊

တပ်ထဲမှာ မငြိမ်မသက်နှင့် အက်ကြောင်းတွေ ကြီးလာပြီဆိုရင်၊

စီးပွားရေးအရ၊ လူမှုရေးအရ ထွက်ပေါက်တွေ ပိတ်နေပြီဆိုရင် …

လူထုကြီးရဲ့ အသက်တွေ၊ သွေးတွေ၊ ဘဝတွေကို နည်းနည်းလေးမှ တန်ဖိုးမထားဘဲ…

အခုလို တချက်ခုတ် ငါးချက်ပြတ်တဲ့ နည်းတွေ သုံးလေ့သုံးထ ရှိတယ်ဆိုတာ …

အကြိမ်ကြိမ်သော လက်တွေ့များအရ လူထုကြီးက နောကျေ နေအောင် သဘောပေါက်နေကြပါပြီ။ ။

ဇွန်မိုး
၁၃၊ ၅၊ ၂၀၀၅

**"ကျမတို့ဟာ အများပြည်သူကနေပြီးတော့ ရွေးချယ်တင်မြှောက်ထားတဲ့ လွှတ်တော်ကို ကိုယ်စားပြုတဲ့အဖွဲ့ ဖြစ်ပါတယ်။ အဲဒီ လွှတ်တော်ရဲ့ ကိုယ်စားလှယ် (၅၀)ရာခိုင်နှုန်းကျော်ရဲ့ လုပ်ဆောင်ပိုင်ခွင့်ကို ရရှိထားတဲ့ အဖွဲ့လည်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျမတို့ရဲ့ လုပ်ဆောင်ချက်တွေကို တပ်မတော်သားများအပါအဝင် နိုင်ငံသူနိုင်ငံသားအားလုံး ဝိုင်းဝန်းပြီးတော့ ထောက်ခံကြပါလို့ ကျမအနေနဲ့ မေတ္တာရပ်ခံချင်ပါတယ်။"**

**ဒေါ်အောင်ဆန်းစုကြည် (၁၉၊ ၉၊ ၁၉၉၈)**

# ယမ်းငွေ့ကြားက အဆိပ်သင့်ပန်းပွင့်များ

ကမ္ဘာတဝန်းကလေးစစ်သား (၃)သိန်းခန့်ရှိသည့်အနက် မြန်မာနိုင်ငံ နအဖစစ်တပ်တွင် (၇၇၀၀၀)ခန့်ရှိကြောင်း ၂၀၀၄ခုနှစ် ဇွန်လအတွင်း ထုတ်ပြန်ခဲ့တဲ့ ကုလသမဂ္ဂအစီရင်ခံစာမှာဖော်ပြထားပါတယ်။

ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်က ကလေးများကို စစ်သားအဖြစ်အသုံးပြုခြင်း တပ်သားသစ်စုဆောင်းခြင်းကို တားမြစ်ထားသည့် နိုင်ငံတကာဥပဒေများကို မထေမဲ့မြင်ပြုလုပ်တဲ့အတွက် မြန်မာနိုင်ငံကို နိုင်ငံတကာ လူ့အခွင့်အရေး ချိုးဖောက်သူများစာရင်းမှာ မကြာသေးခင်က စာရင်းထည့်သွင်းခဲ့ပါတယ်။

ဒါကို ငြင်းဆန်ဖို့ နအဖ ကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီးကတော့ မြန်မာနိုင်ငံမှာ(၁၉၄၈)ခုနှစ် ကတည်းက စစ်သားစုဆောင်းရာမှာ ကလေးစစ်သားများစုဆောင်းခြင်း မဖြစ်ပေါ်အောင် စည်းမျဉ်းစည်းကမ်းများ ချမှတ်ထားရှိခဲ့လို့ မြန်မာနိုင်ငံမှာ ကလေးစစ်သား အသုံးပြုမှုမရှိဘူးလို့ တုံ့ပြန် ခဲ့ပါတယ်။

လွတ်လပ်ရေးရပြီးစ မြန်မာ့တပ်မတော်က ချက်မှတ်ခဲ့တဲ့ တပ်သားသစ်စုဆောင်းမှုဆိုင်ရာ စည်းမျဉ်း စည်းကမ်းတွေကို နအဖစစ်တပ်က တကယ့်လက်တွေ့မှာ လိုက်နာကျင့်သုံးခြင်းမရှိခဲ့ပါဘူး။ ကလေးစစ်သား အသုံးပြုမှုနှင့် ပတ်သက်ပြီး အခုလို နိုင်ငံတကာက ထောက်ပြပြောဆိုလာရင် တော့ ငြင်းချက်ထုတ်ရာမှာ ကိုးကားဖို့ အသုံးပြုတတ်ပါတယ်။

"အယောက် (၃၀)ကျော်ရှိတယ်၊ ကျနော်တို့တပ်မှာ ၁၄ နှစ်၊ ၁၅ နှစ်၊ ၁၆ နှစ် ၊ ဒီလောက် အရွယ်တွေရှိတယ်" ဟု အသက် (၁၅) နှစ်အရွယ် ကလေးစစ်သား မောင်မျိုးမင်းက ပြောပြတာပါ။ ဒီကလေးစစ်သား (၃၀)ကျော်ဟာ တပ်မ (၅၅) လက်အောက်ခံ ခမရ (၁၁၂) နှင့်အတူ ထိုင်းမြန်မာနယ်စပ် စစ်ဆင်ရေး ဒေသများတွင်လိုက်ပါနေရကြောင်း အသက် (၁၆)နှစ် အရွယ် ကလေးစစ်သား မောင်စိုးသူ တို့ပြောတာကို ဧပြီလ ၂၇ ရက်နေ့ထုတ် ကန္တာရဝတီတိုင်း(မ်) သတင်းစာကဖော်ပြထားပါတယ်။

ဒီကလေးစစ်သားနှစ်ဦးဟာ နအဖစစ်တပ်က ယခုနှစ်ဖေဖော်ဝါရီလကစခဲ့တဲ့ (၃)လကြာ တိုင်းရင်းသားနယ်မြေ စစ်ဆင်ရေးဒေသတွေမှာ တစ်လကြာ ပါဝင်ခဲ့တဲ့ ကလေးတွေဖြစ်ပါတယ်။ ဒီကလေး နှစ်ဦးစလုံး ဧပြီလထဲမှာပဲ ထိုင်း–မြန်မာနယ်စပ်ကို ထွက်ပြေးရောက်ရှိလာခဲ့ပါတယ်။

ဒီကလေးနှစ်ယောက် ထိုင်းမြန်မာနယ်စပ်ကိုရောက်ရှိလာခြင်းကတော့ နအဖ ငြင်းချက်ထုတ်ခဲ့တဲ့ ဓာတုလက်နက် မသုံးစွဲဘူး၊ ကလေးစစ်သားမသုံးဘူးဆိုတဲ့ စကားတွေကတော့ ဘာမှ အဓိပ္ပါယ်မရှိတော့တဲ့ တညာတည်းညာနေတဲ့ သူတို့ရဲ့ သကြိန်အမြောက်တွေသာ ဖြစ်သွားပါတော့တယ်။

"ရဲက အချုပ်ထဲဝင်မလား။ စစ်ထဲဝင်မလားလို့မေးတယ်။ ကျနော် ကြောက်ကြောက်လန့်လန့်နဲ့ အချုပ်ထဲတော့ မဝင်ဘူး။ စစ်ထဲပဲ ဝင်မယ်။ အချုပ်ထဲမဝင်ဘူး အဲလိုပြောလိုက်တယ်"

> **"သောက အပူတွေနဲ့ သားပျောက်ကို ရှာနေတဲ့… မရှာနိုင်လို့ အိမ်ကပဲ မျက်ရည်လည်ရွဲမျှော်နေတဲ့ မိခင်ဖခင်တွေ မြန်မာနိုင်ငံမှာ တော်တော်များနေပါပြီ။"**

ဒီစကားစုကို အရွယ်မရောက်သေးတဲ့ကလေးတစ်ယောက်က သူ အလုပ်ကအိမ်အပြန်လမ်းမှာ ရဲများက ဖမ်းဆီးခြိမ်းခြောက်ပြီး စစ်သားစုဆောင်းရေးကို ပို့ဆောင်ခဲ့တဲ့အကြောင်း ပြန်ပြောတာပါ။ သူကပဲဆက်ပြီး စစ်အခြေခံလေ့ကျင့်ရေး သင်တန်းကျောင်းမှာ တပ်သားသစ် (၅၀၀)အနက် သူ့အရွယ်နဲ့ သူ့အောက်ငယ်သူ (၁၅၀)ပါဝင်နေပါသတဲ့။

နအဖ စစ်ကောင်စီက "တပ်မတော် အင်အားရှိမှ တိုင်းပြည် အင်အားရှိမည်"ဆိုတဲ့ဆောင်ပုဒ်နဲ့အညီ (၁၉၈၈) နောက်ပိုင်းမှာ ယခင်က ရှိတဲ့စစ်အင်အားထက် နှစ်ဆခန့် တိုးချဲ့ခဲ့ပါတယ်။ ဒီအခြေအနေအောက်မှာ မြန်မာနိုင်ငံက အရွယ်မရောက်သေးတဲ့ ယောကျ်ားလေးတွေဟာ တပ်သားသစ်စု ဆောင်းရန် အကောင်းဆုံး သားကောင်ဘဝ ကျရောက်ခဲ့ပါတော့တယ်။ ဒါကိုအကောင် အထည်ဖော်ရာမှာ ဘူတာရုံ၊ ကားဂိတ်၊ ပွဲလမ်း သဘင်၊ ရုပ်ရှင်ရုံနဲ့ ကျောင်းပြန်၊ ဈေးသွား အနေအထားအမျိုးမျိုးကို အချိန်အခါအလိုက် အသုံးချခဲ့ပါတယ်။

"ကျောင်းသားကဒ်တို့ မှတ်ပုံတင်တို့ ပါလားလို့ အစ်ကိုကြီး တစ်ယောက်ကမေးတယ်။ မပါဘူးဆိုတော့ ခဏလိုက်ခဲ့ဦးဆိုပြီးတော့ ကားပေါ်ကို လက်ထိပ်ခတ်ပြီး ခေါ်သွားတာ။ ရထားဆီတွဲတစ်ခုမှာ အိပ်ခိုင်းပြီးနောက် တယောက်နဲ့တွေ့တော့ ညီလေးတဲ့ သန်းခေါင်ကျော်နေပြီတဲ့ မင်း စစ်ထဲဝင်မလား ထောင်ကျခံမလားတဲ့။ ကျနော်လည်း ကြောက်ကြောက်နဲ့ ဘာမှမပြောတော့ပဲ သူ့နောက်လိုက်သွားတော့ တပ်ထဲပို့ခံလိုက် ရတယ်"လို့ ကျောင်းမှာ မေ့ကျန်ခဲ့တဲ့ ထီးကို ပြန်ယူရန်အသွား မီးခွက်ဈေးအနီးမှာ အရပ်ဝတ်နှင့် လူတစ်စု ဖမ်းဆီး၍ စစ်သားဖြစ်ခဲ့ရတဲ့ ၁၀ တန်းကျောင်းသား မောင်သန်းက ပြန်ပြောပြတာပါ။

ဒီလိုမျိုး စုဆောင်းခံလိုက်ရတဲ့ ကလေးတွေရဲ့ ဘဝ။ ပြီးတော့ သူတို့ မိဘတွေ အချိန်တန်လို့ ကိုယ့်သားသမီး အိမ်ပြန်မလာဘူးဆိုရင် … ဒါ မသင့်တော်တဲ့အလုပ်ပဲလို့ သိဖို့ကောင်းပါတယ်။ သောကအပူတွေနဲ့ သားပျောက်ကို ရှာနေတဲ့၊ မရှာနိုင်လို့ အိမ်ကပဲ မျက်ရည်လည်ရွဲမျှော်နေတဲ့ မိခင်ဖခင်တွေ မြန်မာနိုင်ငံမှာ တော်တော်များနေပါပြီ။

ဒီလိုအချက်အလက်တွေကြောင့်ပဲ မြန်မာနိုင်ငံကို ကလေးစစ်သား အများဆုံးအသုံးပြုတဲ့နိုင်ငံလို့ နိုင်ငံတကာက သတ်မှတ်တာပါ။ မြန်မာနိုင်ငံဟာ ကမ္ဘာ့ကုလသမဂ္ဂက ပြဋ္ဌာန်းခဲ့တဲ့ ကလေးအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်ကို ၁၉၉၁ခုနှစ် ဇူလိုင်(၁၅)ရက်နေ့မှာ အတည်ပြုလက်မှတ်ထိုးခဲ့တဲ့ နိုင်ငံဖြစ်ပါတယ်။ ဒီလို ထိုးခဲ့တဲ့ သဘောတူညီမှုကို မျက်ကွယ်ပြုပြီး သူ့စစ်အင်အားတိုးချဲ့ဖို့ ကြိုးစားနေဆဲပါပဲ။

"ပထမကတော့ ကျနော့်ကလေးပျောက်နေတာ လုံးဝမတွေ့တော့ စိတ်ပူတာတစ်မျိုး။ သတင်းရသွားပြီးတဲ့အခါမှာ စစ်တပ်ထဲဆိုတော့ ဩော်… ဒီကလေးကစစ်သား၊ သူ့ရဲ့ရုပ်ရည်လေးနဲ့ သူ့ရဲ့ပိန်ပိန်လှီလှီပုံစံအနေအထားမျိုးနဲ့ စစ်သားလုပ်မယ်ဆိုရင် ဒဏ်ခံနိုင်မှာမဟုတ်ဘူး။ စိတ်တွေ

ပိုပူလာတာပေါ့၊ နဂိုတည်းက ဒီကလေးက စစ်တပ်ထဲဝင်ဖို့ ဝါသနာလည်း မပါတဲ့ကလေးတစ်ယောက်က ဘယ်လိုဖြစ်လို့ အဲဒီထဲမှာ ရောက်သွားလဲ ဆိုတဲ့အတိုင်းအတာပေါ့နော် ကျနော့်စိတ်ထဲမှာ ပိုပူလာတာပေါ့"။ သားပျောက်ကို တွေ့အောင် စုံစမ်းနိုင်ခဲ့တဲ့ မိဘတစ်ဦးကပြောတာပါ။

"မှတ်တမ်းရုံးကို ပိုက်ဆံတစ်သိန်းပေးရတယ်။ ကျွန်တော်က သူတို့ကို ပြောတယ်။ အဲလောက်ပေးဆိုလည်း ပေးပါ့မယ်။ ဒါပေမဲ့ ကလေးကို ခုချက်ချင်း ပြန်လိုချင်တယ်လို့ဆိုတော့ သူတို့က အဲလိုတော့ မရနိုင်ဘူး။ ရမယ် ဆိုရင်တောင် ကလေးကို သင်တန်းဆင်းမှ ပြန်ရမယ်လို့ ပြောတယ်။ အရမ်းပြောင်းလဲ သွားတယ်ဗျာ။ မူလကလေးစရိုက်က အားလုံးပြောင်းလဲသွားတာဗျာ။ ကျနော်တို့ မိဘတွေအနေနဲ့ အစားထိုးမရတဲ့ ဆုံးရှုံးမှုမျိုးပေါ့နော်"

သားဖြစ်သူ ကလေးအရွယ် စစ်တပ်ထဲကို အဓမ္မစုဆောင်းခံရလို့ သင်တန်းကျောင်းမှာ လိုက်ထုတ်တဲ့အဖြစ်ကို ဖခင်ဖြစ်သူက ပြန်ပြောပြတာပါ။

သူလိုက်ထုတ်တဲ့အချိန်က ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီလမှာဆိုတော့ နအဖ စစ်ကောင်စီ အတွင်းရေးမှူး (၂) ယခု (၁) ဒုတိယ ဗိုလ်ချုပ်ကြီး သိန်းစိန် ဥက္ကဋ္ဌအဖြစ်ပါ ဝင်တဲ့ "အရွယ်မရောက်သေးသော ကလေးသူငယ်များ အား စစ်မှုထမ်းခြင်းမှ ကာကွယ်ထိန်းသိမ်းရေးကော်မတီ" ဖွဲ့ပြီးပါပြီ။

ဒီကော်မတီဖွဲ့ရခြင်းရည်ရွယ်ချက်ကတော့ "နိုင်ငံတွင်း၌ ကလေးသူငယ်များအားစစ်မှုထမ်းများအဖြစ် စုဆောင်းခြင်းများ မဖြစ်ပေါ်ရေး အတွက် ကာကွယ်တားဆီးပြီး ယင်းကလေးသူငယ်များ၏ အကျိုးစီးပွားကို ကာကွယ် စောင့်ရှောက်ရေး"အတွက်လို့ ဆိုပါတယ်။

ဒီကော်မတီဖွဲ့စည်းပြီးခါမှ အရွယ်မရောက်ဘဲ စုဆောင်းခံရသူတွေ၊ နအဖစစ်တပ်ထဲကထွက်ပြေးတဲ့ ကလေးစစ်သားတွေ ရှိနေပါတယ်။ နအဖ တပ်ကထွက်ပြေးတဲ့ကလေးစစ်သားတွေအနေနဲ့ နိုင်ငံတွင်းမှာနေရင်လည်း အဖမ်းခံရမယ့် အခြေအနေမို့ မြန်မာနိုင်ငံနဲ့ နယ်စပ်ချင်းထိစပ်နေတဲ့ နိုင်ငံတွေထဲခိုးဝင်ပြီး သိမ်ငယ်စွာ ဘဝကိုရှင်သန်နေရပါတယ်။

တကယ်တော့ ဒီကော်မတီကလည်း ကလေးတွေရဲ့ အကျိုးစီးပွားကို ဘာတခုမှလုပ်ဆောင်တာ မမြင်ရ မကြားရသေးပါဘူး။ မြန်မာနိုင်ငံမှာ ကလေးစစ်သားအသုံးပြုမှုဆက်လက်ရှိနေတုန်းပဲလို့ နိုင်ငံတကာက ထောက်ပြ ပြောဆိုလာရင် နအဖ က ကလေးစစ်သားအသုံးမပြုဘူး။ စုဆောင်းခြင်းလည်းမရှိဘူး။ ကလေးသူငယ်များ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ထားပါတယ်လို့ ငြင်းဆန်နိုင်ဖို့ အခုအခံတခုအဖြစ် အသုံးပြု ဖို့ပဲ ဖွဲ့ခဲ့တာမျိုး ဖြစ်နေပါတော့တယ်။

အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ (ILO) အပါအဝင် နိုင်ငံတကာလူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့တွေရဲ့ မြန်မာနိုင်ငံ ကလေးစစ်သား အသုံးပြုမှုနဲ့ပတ်သက်တဲ့ သတင်းဖြစ်စေ၊ အစီရင်ခံစာဖြစ်စေ ဘယ်လိုဌာနအဖွဲ့အစည်းက ထုတ်ပြန်ပြောကြားနေပါစေ နအဖ ကတော့ မရိုးနိုင်တဲ့ ငြင်းဆန်မှုဖြင့် တုံ့ပြန်လေ့ရှိပါတယ်။

ကလေးစစ်သား တကယ်အသုံးပြုနေတာကို အသုံးမပြုပါဘူးလို့ နအဖ ကိုယ်တိုင် ဝန်ခံခြင်းမရှိခဲ့ပေမယ့် ၂၀၀၂ ခုနှစ် အတွင်း အပြည်ပြည်

**"**

**နအဖ တပ်ကထွက်ပြေးတဲ့**
**ကလေးစစ်သားတွေအနေနဲ့**
**နိုင်ငံတွင်းမှာနေရင်လည်း အဖမ်းခံရမယ့်**
**အခြေအနေမို့ မြန်မာနိုင်ငံနဲ့**
**နယ်စပ်ချင်းထိစပ်နေတဲ့ နိုင်ငံတွေထဲ**
**ခိုးဝင်ပြီး သိမ်ငယ်စွာ**
**ဘဝကိုရှင်သန်နေရပါတယ်။**

**"**

ဆိုင်ရာ လူ့အခွင့်အရေး အဖွဲ့အစည်းတခုဖြစ်တဲ့ လူ့အခွင့်အရေးစောင့်ကြပ်လေ့လာသည့်အဖွဲ့ (Human Rights Watch)ရဲ့ သုတေသနတွေ့ရှိချက်မှာ စစ်သည်အင်အား သုံးသိန်းငါးသောင်းခန့်ရှိနေတဲ့ မြန်မာစစ်အစိုးရ ကြည်းတပ်တခုထဲမှာပင် ကလေးစစ်သား အနည်းဆုံး ခုနှစ်သောင်းခန့်ရှိနေတယ်လို့ ခန့်မှန်းထားပါတယ်။ ကျန်တဲ့ရေတပ်နဲ့ လေတပ်မှာတော့ ကလေးစစ်သား ဘယ်လောက် ပါဝင်နေမလဲဆိုတာကိုတော့ မတွက်ဆနိုင်သေးပါဘူးလို့ ဆိုပါတယ်။

တကယ်လက်တွေ့မှာလည်း နအဖစစ်ကောင်စီလက်ထက် စစ်အင်အားတိုးချဲ့ရာမှာ၊ စစ်ဆင်ရေး နယ်မြေတွေမှာ ကလေးတွေကို အသုံးပြုခဲ့ပါတယ်။ ဒီလိုအသုံးပြုခဲ့လို့ ကိုယ်အင်္ဂါအစိပ်အပိုင်းနဲ့ အသက်ပါ ဆုံးရှုံးခဲ့ရတဲ့ ကလေးတွေ များနေပါပြီ။

ဒါကြောင့် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးက မြန်မာနိုင်ငံကို နိုင်ငံတကာ လူ့အခွင့်အရေး ချိုးဖောက်မှုများ စာရင်းထဲမှာ ထည့်သွင်းဖော်ပြခဲ့ခြင်းဖြစ်ပါတယ်။ နောက်ဆက်တွဲအကျိုးဆက်အနေနဲ့ နိုင်ငံတကာရဲ့ စီးပွားရေးပိတ်ဆို့မှုနဲ့ နအဖ ထိပ်သီးခေါင်းဆောင်တွေကို ပြည်ဝင်ခွင့် ဗီဇာပိတ်ဆို့အရေးယူမှုများ ရှိနေခဲ့ပါတယ်။

ဒီပိတ်ဆို့အရေးယူမှုများရှိနေတဲ့ကြားကပဲ နအဖ စစ်ကောင်စီကတော့ အပြောင်းအလဲလုပ်ဖို့မကြိုးစားပဲ တိုင်းပြည်အနာဂတ် အညွန့်အဖူးလေးတွေကို အသုံးချပြီး စစ်အာဏာတည်မြဲရေးကိုသာ ဇောက်ချလုပ်ကိုင်နေပါတယ်။

ဒီလိုအသုံးချနေမှုများကြောင့် မျိုးဆက်သစ်လူငယ်တွေရဲ့ဘဝဟာ စစ်အာဏာရှင် စစ်ဖိနပ်အောက်မှာ ကြေကွဲဖွယ် အဆိပ်သင့် ပန်းပွင့်ကလေးများသာ ဖြစ်နေပါတော့တယ်။

**မိုးကျော်**
*(ရှိုးမ၃)*

**Forum for Democracy in Burma**

**PO Box 83, Mae Sod**
**Tak 63110**
**Thailand**

ယခင်အပတ်သတင်းလွှာများကို
အောက်ပါအင်တာနက်စာမျက်နှာများတွင် ရယူဖတ်ရှုနိုင်ပါသည်
www.abfsu.net
www.absdf.net
www.dpns.org
www.yoma3.org

# မြန်မာအမျိုးသမီးများ မညံ့ခဲ့ပါ

နိုင်ငံတိုင်း၊ လူမျိုးတိုင်းမှာ သမိုင်းကိုယ်စီရှိကြပါတယ်၊ နိုင်ငံတနိုင်ငံ၊ လူမျိုးတမျိုးရဲ့သမိုင်းကြောင်းများ ကြီးကျယ်မြင့်မြတ်မှု မြင့်မားတာနဲ့အမျှ ဒီနိုင်ငံရဲ့ ဂုဏ်သိက္ခာဟာလည်း ကမ္ဘာ့အလယ်မှာ ဝင့်ကြွားထယ်ဝါပါလိမ့်မယ်။

မြန်မာနိုင်ငံရဲ့ သမိုင်းကို လေ့လာမယ်ဆိုရင် မြန်မာအမျိုးသမီးများရဲ့ လှုပ်ရှားမှုကို ပစ်ပယ်ချန်လှပ်ထားခဲ့လို့ မရသလို ဘယ်နေရာမှာမှ နောက်ကျမကျန်ခဲ့တာကိုလည်း မြန်မာ့သမိုင်းက ညွှန်းဆိုဖော်ပြနေတာကို တွေ့ရမှာပါတယ်။

မြန်မာနိုင်ငံရေး သမိုင်းစဉ်တလျှောက် အမျိုးသမီးများရဲ့ နိုင်ငံရေးလှုပ်ရှားမှုများနဲ့ ပတ်သက်လို့ တသီးတခြား ကျမ်းတစောင်၊ ပေတဖွဲ့ မရှိခဲ့ပေမယ့် သတင်းစာများ ဂျာနယ်များမှစလို့ စာစောင်၊ စာအုပ်များ၊ ရာဇဝင်ကြောင်းများမှာ အမျိုးသမီးတွေရဲ့ နိုင်ငံရေးလှုပ်ရှားမှုများကို လေ့လာဖတ်ရှုနိုင်ပါတယ်။ မြန်မာနိုင်ငံရဲ့ လူဦးရေ ထက်ဝက်ကျော်ဟာ အမျိုးသမီးများဖြစ်ကြတယ်။

မြန်မာအမျိုးသမီးတို့ဟာ တမျိုးသားလုံး၊ တနိုင်ငံလုံးနဲ့သက်ဆိုင်သော အရေးကိစ္စများမှာ အမျိုးသားများနဲ့ ရင်ပေါင်တန်းလျက် ကျရာနေရာက နိုင်သမျှဝန်ကို ထမ်းဆောင်ခဲ့ကြတာတွေ့ရမှာ ဖြစ်ပါတယ်။ ရာဇဝင်သမိုင်းကြောင်းကို ပြန်ကြည့်မယ်ဆိုရင်လည်း အမျိုးသမီးများဟာ နိုင်ငံရေးနယ်ပယ်မှာ အမြင့်ဆုံးဖြစ်တဲ့ သက်ဦးဆံပိုင် ဧကရီဘုရင်မအဖြစ် နိုင်ငံကို အုပ်ချုပ်မင်းလုပ်နိုင်ခဲ့တာတွေ တွေ့ရပါမယ်။ (ဥပမာ– ဟံသာဝတီတွင် ရှင်စောပု၊ ပိသနိုးတောင်တွင်းကြီးတွင် ပန်ထွာမင်းသမီး) ဒါ့အပြင် တရားစီ ရင်နိုင်ခွင့်ရှိတဲ့ ကလန်*နဲ့ သန်ဖျင်*ရာထူးများတွင်လည်း အမျိုးသမီးတို့ ထမ်းဆောင်ခဲ့ကြတယ်။ သန်ဖျင်မင်းသမီးဟာ တရားစီရင်ရာမှာ ထင်ရှားသူ ဖြစ်တယ်။ ထိုခေတ် မြန်မာအမျိုးသမီးတို့ဟာ နိုင်ငံအုပ်ချုပ်ရေးပိုင်းမှာ ဘုရင်မှသည် ကလန်၊ သန်ဖျင်၊ ဆယ်အိမ်ခေါင်းထိ တာဝန်ယူကာ တိုင်းပြည်တာဝန်ကို ဆောင်ရွက်ခဲ့ကြပါတယ်။ တိုင်းပြည် သူ့ကျွန်ဘဝသို့ ကျရောက်တဲ့အခါမှာလည်း အမျိုးသမီးများဟာ သူ့ကျွန်မခံလိုတဲ့ စိတ်ဓာတ်နဲ့ ဇာတိသွေး ဇာတိမာန်ကို ပြသခဲ့တယ်။

၁၉၁၉ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်နေ့မှာ မြန်မာအမျိုးသမီးများ ကုမ္မာရီအသင်းကို ဖွဲ့စည်းတည်ထောင်ခဲ့တယ်။ အသင်းရဲ့ အဓိက ရည်ရွယ်ချက်တွေက အမျိုးသမီး အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေး၊ ပညာဗဟုသုတ တိုးပွားရေးနဲ့ တမျိုးသားလုံးအရေးကိစ္စတို့တွင် ပါဝင်ကူညီရန် ဖြစ်တယ်။

၁၉၂၀ ခုနှစ် ဒီဇင်ဘာ ၅ ရက်နေ့မှာ ပေါ်ပေါက်ခဲ့တဲ့ ပထမကျောင်းသားသပိတ်ကြီးမှာ အမျိုးသမီးများ ပိုမိုနိုးကြားလာခဲ့တယ်။ တက္ကသိုလ်ကျောင်းသူများ ပါဝင်ရှေ့ဆောင်လမ်းပြမှုကြောင့် နိုင်ငံရေးနိုးကြားလာကာ အထက်တန်းကျောင်းသူများပါ သပိတ်မှာ ပါဝင်လာကြတယ်။ သပိတ်မှောက်ကျောင်းသားများအတွက် အမျိုးသားကျောင်းများ ဖွင့်လှစ်၍ စာပေသင်ကြားတဲ့အခါ အမျိုးသမီးများဟာ ကျောင်းဆရာမများအဖြစ် တာဝန်ယူခဲ့ကြတယ်။ ရန်ကုန်မြို့မှ မြို့မအမျိုးသမီးကျောင်းဟာ ပထမဆုံး ပေါ်ပေါက်ခဲ့တဲ့ နေရှင်နယ်အမျိုးသမီးကျောင်း ဖြစ်ခဲ့တယ်။ ကျောင်းဆရာမများဟာ လစာမယူပဲ သင်ကြားပေးခဲ့ကြတယ်။ ကျွန်ပညာရေးစနစ် ဆန့်ကျင်ပွဲမှာ မြန်မာအမျိုးသမီးများဟာ စံနမူနာ ဖြစ်ခဲ့ကြတယ်။

**၁၃၀၀ ပြည့် အရေးတော်ပုံကြီးအပြီး ၁၉၃၉ ခုနှစ် ဇန်နဝါရီလ ၂၈ ရက်နေ့တွင် ရွှေတိဂုံအလယ်ပစ္စယံ၌ အမျိုးသမီးထုအစည်းအဝေးကြီး ကျင်းပကာ 'ဗမာပြည်လွတ်လပ်ရေး အမျိုးသမီးအဖွဲ့ချုပ်' ကိုလည်း ဖွဲ့စည်းနိုင်ခဲ့တယ်။**

ဝံသာနုအမျိုးသမီးအသင်းများ ပေါ်ပေါက်လာကာ နိုင်ငံရေးလှုပ်ရှားမှုများ ပြုလုပ်လာကြတယ်။ ထိုအသင်းများကို ဗြိတိသျှအစိုးရက မတရားအသင်းအဖြစ် ကြေညာခဲ့သော်လည်း အမျိုးသမီးတို့က အသင်းကို မဖျက်ကြပဲ၊ နှုတ်မထွက်ကြပဲ ဝံသာနုစိတ်ဓာတ် တက်ကြွအောင် လှုံ့ဆော်၍ နိုင်ငံရေးတရားများ လှည့်လည် ဟောပြောခဲ့ကြတယ်။ ပြည်မြို့က ဒေါ်သန်းတင်နဲ့ အဖွဲ့ဝင် ၄ ဦး ဟာ မြန်မာ့နိုင်ငံရေးသမိုင်းမှာ ပထမဆုံး ထောင်ကျခဲ့သော အမျိုးသမီးများဖြစ်ခဲ့ကြတယ်။

ပညာတတ် မြန်မာအမျိုးသမီးတို့ကလည်း ကလောင်လက်နက်နဲ့ ဗြိတိသျှအစိုးရကို တိုက်ခိုက်ခဲ့ကြတယ်။ သုံးဆယ်မြို့မှ မဖွားရှင်ဟာ 'သာယာဝတီ' သတင်းစာကိုရင်း၊ တောင်ငူမြို့မှ နော်မန်ကျောင်းဆရာမဖြစ်တဲ့ မစန်းဟာ 'အင်ဒီပင်းဒင့်စ် သတင်းစာ' ကိုရင်း တည်ထောင်ပြီး ကလောင်လက်နက်နဲ့ ဗြိတိသျှနယ်ချဲ့ကို တော်လှန်ခဲ့ကြတယ်။ နိုင်ငံရေးအမြင်ဆောင်းပါးများ၊ ခေါင်းကြီးများရေး၍ လမ်းညွှန်လမ်းပြခဲ့ကြတယ်။ ဒီအချိန်က အမျိုးသမီးများဟာ မြူနီစပါယ်အဖွဲ့မှာသာ အရွေးခံခွင့်ရ၍ ဥပဒေပြုလွှတ်တော်မှာ အမတ်အဖြစ် အရွေးခံခွင့်၊ မဲပေးခွင့်ပင်မရရှိခဲ့ပါဘူး။ အမျိုးသမီးများအား ထိုသို့ ချိုးနှိမ်ထားချက်ကို မမြစိန် (အမ်အေဒေါ်မြစိန်) ဦးဆောင်သော အမျိုးသမီးတစ်စုက ဥပဒေ ကို ပယ်ဖျက်ပေးရန် အရေးဆိုခဲ့ကြတယ်။ "မြန်မာအမျိုးသမီးများ နိုးကြားကြပါ၊ ဗြိတိသျှပါလီမန်မှာ မိန်းမများအမတ်ဖြစ်နေပြီ" စတဲ့ စာတမ်းများကို ကိုင်ဆောင်ကာ စုဝေးကြွေးကြော်ခဲ့ကြတယ်။ ထိုဆန္ဒပြပွဲကြောင့် ၁၉၂၉ ခုနှစ် ဥပဒေပြုကောင်စီမှာ အမျိုးသမီးအမတ် အရွေးခံခွင့်ရရှိခဲ့ပြီး မော်လမြိုင်မှ မနှင်းမြဟာ မြန်မာနိုင်ငံရဲ့ ပထမဆုံးသော ဥပဒေပြုလွှတ်တော် အမျိုးသမီးအမတ် ဖြစ်ခဲ့တယ်။ အာရှတိုက်လုံးဆိုင်ရာ အမျိုးသမီးအစည်းအဝေးကြီးနဲ့ မြန်မာနိုင်ငံအုပ်ချုပ်ရေးအတွက် လန်ဒန်မှာကျင်းပတဲ့ မျက်နှာစုံညီ အစည်းအဝေးသို့ မြန်မာအမျိုးသမီးကိုယ်စားလှယ်အနေနဲ့ ဒေါ်မြစိန်နဲ့ ဒေါ်စောဆတို့ တက်ရောက်ခဲ့ကြတယ်။ ၉၁ ဌာနအုပ်ချုပ်ရေးအတွက် ရွေးကောက်ပွဲများမှာ အမျိုးသမီးအမတ်လောင်း ၉ ဦး ဝင်ရောက် အရွေးခံကြတယ်။ စစ်ကိုင်းမှ ဒေါ်အမာ အရွေးခံရပြီး အမတ်ဖြစ်လာခဲ့တယ်။

၁၉၃၆ ခုနှစ်ဟာ မြန်မာနိုင်ငံမှာ နိုင်ငံရေးနိုးကြားမှုအတက်ကြွဆုံး အချိန်လို့ ပြောနိုင်ပါတယ်။ မြန်မာနိုင်ငံ ပြည်သူ့လွှတ်တော်စင်မြင့်သို့ အမျိုးသမီးအမတ်များရောက်ရှိလာခဲ့တယ်။ ဒုတိယကျောင်းသားသပိတ်မှာ ကျောင်းသူ ၃၀ ခန့်ပါဝင်ရာ လူထုဒေါ်အမာ၊ အမ်အေဒေါ်အုန်း၊ ဒေါ်သန်းစိန် (ဗလစ) စသူတို့ ဦးဆောင်မှုအခန်းက ပါဝင်ခဲ့တယ်။ အမျိုးသမီးတို့ရဲ့ လှုပ်ရှားမှုများဟာ ဒီရေကဲ့သို့ တနေ့တခြား တိုးတက်လျက်ရှိရာ ၁၃၀၀ ပြည့်နှစ် ရေနံမြေအရေးတော်ပုံတွင်လည်း ပါဝင်လှုပ်ရှား တိုက်ပွဲဝင်ခဲ့ကြပြန်တယ်။ ရေနံမြေသပိတ်တား အမျိုးသမီးများမှာ ၅၀၀ ခန့်ပင်ရှိခဲ့တယ်။ နယ်ချဲ့လက်ကိုင်တုတ် ပုလိပ်များ၏ ကြမ်းတမ်းရိုင်းပျစွာ နှိမ်နင်းမှုကို ခံကြရင်း ထောင်ကျသည်အထိ တိုက်ပွဲဝင်ကြတယ်။ **"သခင်မတွေရဲ့သွေးပြောင် မကွေးထောင်တော့ အပျော့အပျော့"**ဟူ၍ ကြွေးကြော်ခဲ့ကြတယ်။

၁၉၃၈ ခုနှစ်၊ ဒီဇင်ဘာ ၁၂ ရက်နေ့၌ ပုဒ်မ ၁၄၄ ထုတ်ပြန်ထားသော မကွေးမြို့တွင် တရားဟောတဲ့ ကျောင်းသားခေါင်းဆောင် ကိုဗဟိန်းနှင့် ကိုဗဆွေတို့ အဖမ်းခံရသည်ကို အကြောင်းပြု၍ ရန်ကုနမြို့အတွင်းဝန်ရုံးကို

ကျောင်းသား၊ ကျောင်းသူများ ချီတက်ဆန္ဒပြ သပိတ်တားခဲ့ရာမှာ မခင်မြ (ကွယ်လွန်သူ စာရေးဆရာမကြီး ဒေါ်ခင်မျိုးချစ်)ဟာ ချီတက်ရာတွင် ရှေ့ဆုံးမှ ပါဝင်ခဲ့တယ်။ ကျောင်းသား ကျောင်းသူတို့ နယ်ချဲ့ပုလိပ်များရဲ့ မြင်းဖြင့် တိုက်ခြင်း၊ နံပါတ်တုတ်ဖြင့် ရိုက်ခြင်းကိုခံကြရတယ်။ မြို့မကျောင်းမှာ သပိတ်စခန်းဖွင့်ရာ ကျောင်းသူ ၁၀၀ ကျော် ပါဝင်ခဲ့တယ်။ သပိတ်တရားများဟောခဲ့ကြတယ်။ အစာတော်ခံဆန္ဒပြခဲ့ကြရာမှာပါဝင်ခဲ့ကြတယ်။ မြန်မာနိုင်ငံရေးလှုပ်ရှားမှုသမိုင်း၌ ပထမဆုံးအကြိမ် အမျိုးသမီး အစာတော်ခံဆန္ဒပြခြင်းဖြစ်ပါတယ်။

၁၃၀၀ပြည့် အရေးတော်ပုံကြီးအပြီး ၁၉၃၉ ခုနှစ် ဇန်နဝါရီလ ၂၈ရက်နေ့တွင် ရွှေတိဂုံအလယ်ပစ္စယံ၌ အမျိုးသမီးထုအစည်းအဝေးကြီးကျင်းပကာ ‘ဗမာပြည်လွတ်လပ်ရေး အမျိုးသမီးအဖွဲ့ချုပ်’ကိုလည်း ဖွဲ့စည်းနိုင်ခဲ့တယ်။ ဒို့ဗမာအစည်းအရုံး တည်ထောင်သောအခါတွင်လည်း မြန်မာနိုင်ငံအနှံ့အပြားမှ အမျိုးသမီးများဟာ အသင်းဝင်ကြပြီး သခင်မများအဖြစ် ရဲဝံ့စွာ ခံယူခဲ့ကြတယ်။ အမှုထမ်းပေါင်းစုံ သပိတ်များ ပေါ်ပေါက်လာတဲ့အခါ အမျိုးသမီး သခင်မများဟာ အဖက်ဖက်မှ ပါဝင်ကူညီခဲ့ကြတယ်။

နယ်ချဲ့အရင်းရှင်စနစ်ကို မုန်းတီးဆန့်ကျင်ကြတဲ့ မြန်မာအမျိုးသမီးတွေဟာ ဂျပန်ခေတ်မှာ ဖက်ဆစ်စနစ်နှင့် ရင်ဆိုင်ကြရပြန်တယ်။ ဖက်ဆစ်စနစ်အောက်မှာကျရောက်ရတဲ့ အမျိုးသမီးတို့ရဲ့ဘဝဟာ လုံးဝလုံခြုံမှုမရှိပဲ ဆိုးဝါးလှပါတယ်။ သို့ဖြစ်လင့်ကစား အမျိုးသမီးတို့ဟာ ကြောက်ရွံ့ခြင်းမရှိပဲ ဖက်ဆစ်ဆန့်ကျင်ရေး လုပ်ငန်းများကို သက်စွန့်ဆံဖျားလုပ်ကိုင်ခဲ့ကြတယ်။ ဒေါ်မြရီ၊ ဒေါ်နှင်းဆီ၊ ဒေါ်စောမြ၊ ဒေါ်ခင်ကြည်ကြည် စသူတို့ဟာ ထင်ရှားသူများဖြစ်တယ်။ ‘ဖတပလ’ရဲ့ ဦးဆောင်မှုဖြင့် အမျိုးသမီးတပ်ဖွဲ့တွင်လည်း ဝင်ရောက် တာဝန်ထမ်းဆောင်ကြတယ်။ ဒေါ်မြရီဟာ ပုသိမ်မှ ရခိုင်ရိုးမကို ဖြတ်ကျော်၍ အိန္ဒိယအထိ ခရီးကြမ်း ခြေကျင်နှင်ခဲ့သူတဦးဖြစ်တယ်။ ဖက်ဆစ်တော်လှန်ရေးမှာ အမျိုးသမီးများဟာ စည်းရုံးရေး၊ သတင်းစုဆောင်းရေး၊ သတင်းပို့ရေး၊ လက်နက်ဝှက်ပေးရေး၊ သူနာပြုလုပ်ငန်းမှသည် စစ်လျှို့ဝှက်တာဝန်အမျိုးမျိုးကို အသက်ပေး၍ စွန့်လွှတ်အနစ်နာခံကာ လုပ်ဆောင်ခဲ့ကြတယ်။

၁၉၄၆ ခုနှစ်၊ ဇူလိုင် ၈ ရက် ၉ ရက်နေ့များတွင် ရွှေတိဂုံစေတီတော်အလယ်ပစ္စယံရှိ ဒိုက်ဦးဇရပ်မှာ အမျိုးသမီး ညီလာခံကြီးတစ်ရပ်ကျင်းပကာ ‘ဗမာနိုင်ငံအမျိုးသမီးကွန်ဂရက်’ကို ဖွဲ့စည်းခဲ့ပြန်တယ်။ ဒေါ်ခင်ကြည်၊ ဒေါ်ခင်ကြီး၊ ဒေါ်ကြည်ကြည် တို့ဟာ ထင်ရှားသော အမျိုးသမီးခေါင်းဆောင်များဖြစ်ကြပါတယ်။

လွတ်လပ်ရေးရပြီးတဲ့အခါ ဖဆပလ ကိုယ်စားပြု အမျိုးသမီးအမတ်ဦးရေ တိုးပွားလာတာကို တွေ့ရပါတယ်။ ကရင်အမျိုးသမီး တစ်ဦးဖြစ်တဲ့ မစ္စဘမောင်ချိန်ဟာ ဝန်ကြီး ဖြစ်လာခဲ့တယ်။ မြန်မာအမျိုးသမီးများဟာ ဝန်ကြီး၊ အမတ်များအဖြစ် နိုင်ငံရဲ့ အချုပ်အခြာအာဏာပိုင် အဖွဲ့အစည်းများတွင် မြင့်မားသော နိုင်ငံရေးတာဝန်များကို ထမ်းဆောင်နိုင်ခဲ့ကြပါတယ်။ အမျိုးသမီးတစ်ဦးဖြစ်တဲ့ ဂျာနယ်ကျော်မမလေးဟာ ‘ပြည်သူ့ဟစ်တိုင်’ နေ့စဉ်သတင်းစာကို ထုတ်ဝေခဲ့တယ်။ ခေါင်းကြီးပိုင်းနဲ့ ဆောင်းပါးများရေးခဲ့တယ်။ အလားတူပင် မန္တလေး ‘လူထုသတင်းစာ’မှာ လူထုဒေါ်အမာသည်လည်း ခေါင်းကြီးနဲ့ နိုင်ငံရေးဆောင်းပါးများ ရေးသားခဲ့တယ်။ အယ်ဒီတာအဖွဲ့ဝင်ဖြစ်၍ နိုင်ငံရေးဆွေးနွေးခန်း ပင်တိုင်ဆောင်းပါး ရှင်ဖြစ်ခဲ့ပြီး ‘ကမ္ဘာ့ဒီမိုကရက်တစ်အမျိုးသမီးညီလာခံ’နဲ့ ‘ဘူဒါပက်စ် ကမ္ဘာ့ငြိမ်းချမ်းရေးညီလာခံ’၊ ‘ဘူခါရက်မြို့ ကမ္ဘာ့လူငယ်နှင့် ကျောင်းသားပွဲတော်’၊ ‘အာရှအာဖရိက အမျိုးသမီးများညီလာခံ’များသို့လည်း မြန်မာအမျိုးသမီးကိုယ်စားလှယ်အဖြစ် တက်ရောက်ခဲ့တယ်။

ဒေါ်ခင်ကြည် (ဗိုလ်ချုပ်အောင်ဆန်း၏ဇနီး)ဟာ အိန္ဒိယနိုင်ငံဆိုင်ရာမြန်မာသံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့တဲ့ မြန်မာနိုင်ငံရဲ့ တစ်ဦးတည်းသော အမျိုးသမီး သံအမတ်ကြီး ဖြစ်ခဲ့ပါတယ်။

**“ ဖက်ဆစ် တော်လှန်ရေးမှာ အမျိုးသမီးများဟာ စည်းရုံးရေး၊ သတင်းစုဆောင်းရေး၊ သတင်းပို့ရေး၊ လက်နက်ဝှက်ပေးရေး၊ သူနာပြုလုပ်ငန်းမှသည် စစ်လျှို့ဝှက် တာဝန်အမျိုးမျိုးကို အသက်ပေး၍ စွန့်လွှတ်အနစ်နာခံကာ လုပ်ဆောင်ခဲ့ ကြတယ် ”**

မြန်မာနိုင်ငံရဲ့ ခေတ်အဆက်ဆက်တွင် မြန်မာအမျိုးသမီးတို့သည် တိုင်းပြည်အတွက် ချွေးနှင့် သွေးနှင့်ရင်းကာ ဇွဲသတ္တိအပြည့် စွန့်စား အနစ်နာခံ ကြိုးပမ်းခဲ့ကြကြောင်း တွေ့ရှိရပါတယ်။

ယခုမျက်မှောက်ခေတ်တွင် ဒေါ်အောင်ဆန်းစုကြည်ဟာ အမျိုးသားဒီမိုကရေစီ အရေးတော်ပုံကြီးအတွက် ဇွဲသတ္တိရှိစွာဖြင့် ကြိုးပမ်းလျက်ရှိပါတယ်။ ဒီမိုကရေစီကို လိုလားကြသော မြန်မာပြည်သူများကလည်း ဒေါ်အောင်ဆန်းစုကြည်ရဲ့ ခေါင်းဆောင်မှုကို ယုံကြည်ကိုးစားလျက် တခဲနက်ထောက်ခံအားပေးနေကြတာကို တွေ့မြင်ရပါမယ်။

၈၈ အရေးတော်ပုံ မှစ၍ မြန်မာအမျိုးသမီးများရဲ့ နိုင်ငံရေး နိုးကြားမှုရေချိန်ဟာ မကြုံစဖူး အထူးမြင့်မား တိုးတက်လာနေတယ်လို့ ပြောရမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံနယ်နိမိတ်ကိုကျော်၍ ကမ္ဘာ့နိုင်ငံအနှံ့အပြားသို့ပင် စွန့်စားသွားရောက်ကြကာ ‘ဒီမိုကရေစီအရေးတော်ပုံ’အတွက် နည်းမျိုးစုံဖြင့် ကြိုးပမ်းလုပ်ဆောင်လာကြတာကို တွေ့မြင်နေရပါတယ်။ ယခုအခါ ဒီမိုကရေစီရရှိရေးအတွက် လှုပ်ရှားရာတွင် ပါဝင်ခဲ့သဖြင့် စစ်အစိုးရရဲ့ အကျဉ်းထောင်များမှာ အမျိုးသမီးအများအပြား အကျဉ်းကျခံလျက် ရှိကြတယ်။ ကျောင်းသူများ၊ လူငယ်အမျိုးသမီးများ၊ ဝန်ထမ်းအမျိုးသမီးများ၊ အိမ်ရှင်မ များအထိ အတန်းအစား အလွှာပေါင်းစုံပါဝင်ပါတယ်။ အနည်းဆုံး ၃ နှစ်မှသည် ၄၂ နှစ်အထိ ထောင်ဒဏ်များ ချမှတ်ခံရလျက်ရှိတယ်။ အမျိုးသမီးများကတော့ နိုင်ငံရေးဇွဲ မလျော့ကြပါ။

၁၉၉၀ ခုနှစ် မေလရွေးကောက်ပွဲ၌ အမျိုးသမီး ၈၄ ဦး ဝင်ရောက်အရွေးခံရာတွင် ၁၅ ဦး ရွေးချယ်ခံခဲ့ရပါတယ်။ ရာခိုင်နှုန်းအားဖြင့် နည်းတယ်လို့ဆိုရမှာ ဖြစ်ပေမယ့် အရင်နဲ့စာရင် သိသိသာသာ များလာတာကို တွေ့ရှိရမှာဖြစ်ပါတယ်။

အချုပ်ဆိုရရင် အမျိုးသမီးများဟာ နိုင်ငံရေးနဲ့ ကင်းကွာ၍ မရသလို သမိုင်းကြောင်းအရလည်း အောက်တန်းနောက်တန်းက ဘယ်တော့မှ မနေခဲ့ပါဘူး။ ကျနော်တို့နဲ့ နယ်စပ်မှာအတူရှိနေတဲ့ ယနေ့ ဒီမိုကရေစီရေး တိုက်ပွဲဝင်နေသော အမျိုးသမီးများသည်လည်း နိုင်ငံရေးအသိ နိုးကြားတက်ကြွစွာ ပါဝင်နေတာကို ကိုယ်တွေ့ပင်ဖြစ်ကြောင်းပါ။

အမျိုးသမီးများ ထို့ထက်နိုင်ငံရေးမှာ ပိုမိုပါဝင်နိုင်ပြီး နိုင်ငံရေးအသိများ နိုးကြားမြင့်မားနိုင်ကြပါစေ။

**သန်ဖျင်*** – နန်းတွင်းမှ ခန့်အပ်သော (မင်းဆွေ မင်းမျိုးထဲမှ) အရပ်ဘက်အုပ်ချုပ်ရေးဆိုင်ရာ အရာရှိ

**ကလန်*** – နန်းတွင်းမှ ခန့်အပ်သော (အရပ်သား) အရပ်ဘက်အုပ်ချုပ်ရေးဆိုင်ရာ အရာရှိ

**မျိုးမဟာ**

*မေ ၁၄၊ ၂၀၀၅*

**ကျမ်းကိုး**

ပြည်တွင်းမှပေးပို့သော အမည်မဖော်လိုသူ စာရေးဆရာမ ၂ ဦး၏ ဆောင်းပါးများ



# ငရဲခွေးကြီး လွတ်နေပြန်ပြီ

**နိုင်ကျော်**

ကနေ့ကာလမှာ နအဖ စစ်အစိုးရ က ဒီမိုကရေစီရေး လှုပ်ရှားနေသူတွေကို အပြင်းအထန် နှိပ်ကွပ်နေချိန် ဖြစ်တယ်။ တရားလက်လွတ်ပြုမူမှုတွေ ဆက်တိုက်လုပ်နေတာကို တွေ့နေရတယ်။ အကျိုးဆက်အားဖြင့် အကျဉ်းထောင်တွေထဲမှာလည်း ဖိနှိပ်မှုတွေ ဆက်တိုက်လုပ်လာခဲ့ပါတယ်။

အင်းစိန်ထောင်အတွင်း ဧပြီလ ၂၈ ရက်နေ့မှ စတင်၍ နိုင်ငံရေးအကျဉ်းသား ၉ ဦး အစာတော်ခံ ဆန္ဒပြပြီး တိုက်ပွဲဝင်ခဲ့ကြတယ်။ အကြောင်းကထောင်အာဏာပိုင်များက သာမန်အကျဉ်းသားတွေနဲ့ နိုင်ငံရေးအကျဉ်းသားတွေကို သွေးထိုးရန်တိုက်ပေးတယ်။ လူမိုက်တွေနဲ့ နိုင်ငံရေးအကျဉ်းသားတွေအဆင်မပြေဖြစ်တယ်။ ရာဇဝတ်သားတွေက ရန်စောင်တာတွေ လုပ်လာတယ်။ ဒါကြောင့် ဒီရာဇဝတ်သားတွေနဲ့ အတူမထားဖို့ တောင်းဆိုရာထောင်အာဏာပိုင်များ မလိုက်လျောတဲ့အတွက် အစာတော်ခံ ဆန္ဒပြတိုက်ပွဲဝင်ကြတယ်။ တိုက်ပိတ်ပြစ်ဒဏ်တွေပေးတယ်။ ထောင်ဝင်စာပိတ်တယ်။ ကြားဝင်ဖြေရှင်းပေးတဲ့ နိုင်ငံရေးအကျဉ်းသား ၉ ဦးကို လည်း ထောင်ဝင်စာ ပိတ်တယ်။ အချို့ကို ထောင်ပြောင်းပစ်တယ်။

> “
> **အစာတော်ခံ ဆန္ဒပြ**
> **တိုက်ပွဲဝင်ကြတယ်။**
> **တိုက်ပိတ်ပြစ်ဒဏ်တွေပေးတယ်။**
> **ထောင်ဝင်စာပိတ်တယ်။**
> **အချို့ကို**
> **ထောင်ပြောင်းပစ်တယ်။**
> ”

ဒီလုပ်ဟန်တွေဟာ ထောင်အာဏာပိုင်တွေရဲ့ဆုံးဖြတ်ချက်နဲ့ လုပ်ခဲ့တာမဟုတ်ပါဘူး၊ ကျနော်တို့ အတွေ့အကြုံအရ အထက်အာဏာပိုင်တွေရဲ့ ညွှန်ကြားချက်နဲ့သာ လုပ်ခဲ့ကြတာပါ။ ဒါတွေဟာ ဥပဒေမဲ့ တရားလက်လွတ် လုပ်ရပ်တွေဖြစ်တယ်။ ဒီမိုကရေစီရေး လှုပ်ရှားသူတွေကို အာဃာတထားအငြိုးကြီးစွာ ဖိနှိပ်ညှင်းပန်းနေခြင်းပဲ ဖြစ်တယ်။

ဒီလုပ်ရပ်တွေကို ခိုင်မာစေတဲ့ အထောက်အထားတခုက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လူငယ်အဖွဲ့ဝင်တဦးဖြစ်တဲ့ ကိုအောင်လှိုင်ဝင်း သေဆုံးမှုပဲဖြစ်ပါတယ်။

ကိုအောင်လှိုင်ဝင်းရဲ့ယောက္ခမဟာ မကြာသေးခင်ကမှ ထောင်ကပြန်လွတ်လာသူဖြစ်တယ်။ သူ့အကိုက ၂၀၀၃ ခု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ အထက်ဗမာပြည် စည်းရုံးရေးခရီးစဉ်မှာ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ကိုယ်ရံတော်အနေနဲ့ ပါခဲ့တာဖြစ်တယ်။ နအဖရဲ့ ဒီပဲရင်းလုပ်ကြံမှုမှာ အသက်မသေ၊ အဖမ်းမခံရဘဲ လွတ်မြောက်နေသူ တဦးဖြစ်သလို ယခုထက်တိုင် တိမ်းရှောင်နေရသူ တဦးလည်းဖြစ်တယ်။ သူ့ဆီမှာ ဒီပဲရင်း ဗွီဒီယို မှတ်တမ်းအခွေတွေ ပါသွားတဲ့အတွက် စစ်အစိုးရက မိသားစုတခုလုံးကို အငြိုးအတေးကြီးစွာ ထားခံနေရတာဖြစ်တယ်။

မေလ ၁ ရက်နေ့မှာ ကိုအောင်လှိုင်ဝင်းကို အရပ်ဝတ်နဲ့ သေနတ်ကိုင်လူတစုက အိမ်နားက ဆိုင်တဆိုင်မှာ လာရောက်ဖမ်းဆီးခေါ်ဆောင် သွားတယ်။ ဘယ်ကြောင့် ဖမ်းဆီးသလဲ၊ ဘယ်နေရာကို ခေါ်သွားသလဲ ဘယ်သူမှ မသိပါ။

၁၀ ရက်နေ့မှာ ဒုတိယ ဗိုလ်မှူးကြီး မင်းနိုင်ဆိုသူ အိမ်ကိုရောက်လာပြီး ကိုအောင်လှိုင်ဝင်း နှလုံးရောဂါနဲ့ သေဆုံးသွားကြောင်းလာအကြောင်းပြီး ဆွမ်းသွတ်ရာတွင် အသုံးပြုဖို့ ငွေကျပ် တသိန်းပေးခဲ့တယ်။ ဘယ်လောက်များ ယုတ္တိမရှိလိုက်တာပါသလဲ၊ သူ့မိသားစုကတော့ ဒီငွေကိုလက်မခံပဲ ကိုအောင်လှိုင်ဝင်း ရုပ်အလောင်းကို သူတို့ဆီ အပ်ဖို့ ပြောတယ်။ ဒီအချိန်ကျမှ သူတို့အနေနဲ့ မီးသဂြိုဟ်လိုက်ပြီဆိုတာ ပြောတယ်။ ဘယ်လောက်များ မတရားလိုက်ပါလဲ။

ကိုအောင်လှိုင်ဝင်းဟာ အဖမ်းမခံရခင်အချိန်ထိ ကျန်းမာရေးကောင်းမွန်သူတဦးဖြစ်ပြီး နှလုံးရောဂါလည်း လုံးမရှိဘူးဆိုတာ သူတို့မိသားစုအသိုင်းအဝိုင်းက တဆင့် သိရတယ်။

ဒါနဲ့ပတ်သက်လို့ နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ)က ကြေညာချက် ထုတ်ပြန်ရာမှာ ဝရမ်းမပါဘဲ ဖမ်းဆီးခြင်း၊ မည်သည့်အတွက်ကြောင့် ဖမ်းရပါလဲ၊ ဘယ်နေရာကို ခေါ်သွားပါသလဲဆိုတာတွေကို မိသားစုထံ အကြောင်းမကြားခြင်း၊ လူသတ်မှုကျူးလွန်ခြင်း၊ အလောင်းဖျောက်ဖျက်ခြင်း၊ အမှုကို ပေါ့အောင်ငွေပေး၍ ဖြားယောင်းသွေးဆောင်ခြင်းတို့ကို ကျူးလွန်ခဲ့တဲ့အတွက် ရာဇဝတ်မှု ဖြစ်တယ်။ လူသတ်အလောင်းဖျောက်မှုဟာ သေဒဏ်ပေးရမယ့် ကြီးမားတဲ့ရာဇဝတ်ဖြစ်တယ်လို့ ဆိုပါတယ်။

ကိုအောင်လှိုင်ဝင်းရဲ့ မိသားစုဟာ သားတယောက် ဆုံးပါးခံရပြီးတာတောင်မှာ ဖိတ်စာမှာ ရုတ်တရက် ကွယ်လွန်ခြင်းဆိုတာကို ထည့်မရိုက်နိုင်တဲ့အထိ ခြိမ်းခြောက် တားမြစ်ခြင်းခံရပါတယ်။ ဘယ်လောက်များ မိုက်ရိုင်းလိုက်ပါသလဲ။

ဒီလို တရားလက်လွတ် နိုင်ထက်ကလူပြုမှုတွေကို ကျနော်တို့မြန်မာပြည်သူ၊ ပြည်သားတွေ ဘယ်လောက်သည်းခံနိုင်မလဲ။ နိုင်ငံတကာကရော လက်ပိုက်ကြည့်နေကြမလား၊ မြန်မာပြည်မှာ ငရဲခွေးကြီးတော့ လွတ်နေပြန်ပြီ၊ အားနဲ့အင်နဲ့ ဝိုင်းဝန်းဖမ်းကြဖို့ အချိန်တန်ပါပြီ။

နိုင်ကျော်

*၁၄ မေ၊ ၂၀၀၅*

■ ■ ■ ■

# နှစ်ပတ်အတွင်း သတင်းမှတ်စု

## မြန်မာ

***မေလ (၁)*** – မြန်မာစစ်အစိုးရသည် အလုပ်သမားများ၏ ရပိုင်ခွင့်များကို ပိတ်ပင်ထားသလို အဓမ္မအလုပ်ခိုင်းစေမှုများကို ဆက်လက်ကျူးလွန်နေဆဲဖြစ်ကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ယနေ့ကျရောက်သည့် မေဒေးနေ့တွင် ကြေညာချက်ထုတ်ပြန် ပြောဆိုသည်။(DVB)

***မေလ (၂)*** – နိုင်ငံရေးလမ်းပြမြေပုံ၏ အချက်(၇)ချက်ပါ ပိုစတာအား မြန်မာနိုင်ငံတဝှမ်းရှိ စာသင်ကျောင်းများနှင့် ဌာနဆိုင်ရာရုံးများတွင် ပြီးခဲ့သည့်လမှစ၍ မစိုက်ထူမနေရ အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။ (Kachin News)

***မေလ (၂)*** – စည်းလုံးညီညွတ်မှု ပိုမိုရရှိရေးနှင့် တင်ပြစရာများကို လွတ်လပ်စွာတင်ပြဆွေးနွေးနိုင်ရန်အတွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(ဗဟို)နှင့် ပြည်နယ်တိုင်းအသီးသီးမှ အဖွဲ့ချုပ်ခေါင်းဆောင်များ ယနေ့ အဖွဲ့ချုပ်ရုံးချုပ်၌ အစည်းအဝေးပြုလုပ်သည်။ (DVB)

***မေလ (၃)*** – ဘော့နပ်စ်ဆုကြေးအပြည့်အဝပေးရန် အလုပ်ရှင်အားတောင်းဆိုမှုဖြင့် ဖမ်းဆီးခံခဲ့ရသည့် Myanmar Guston Molinel အထည်ချုပ်စက်ရုံမှ အလုပ်သမ (၄)ဦးကို ခံဝန်ချုပ်ဖြင့် လှိုင်သာယာမြို့နယ်တရားရုံးက ယမန်နေ့က ပြန်လွှတ်ပေးခဲ့သော်လည်း အလုပ်မှထုတ်ပယ်လိုက်သည်။ (Yoma3)

***မေလ (၃)*** – မြန်မာနိုင်ငံတွင် အင်တာနက်၊ အီးမေးလ်အသုံးပြုနေမှုများကို စစ်အစိုးရက ပိုမိုကန့်သတ်ချုပ်ချယ်လာနေကြောင်း သိရသည်။ (DVB)

***မေလ (၅)*** – ရေး–ထားဝယ် မော်တော်ယာဉ်တန်းပစ်ခတ်မှုနှင့် ကျောက်ကြီးမြို့နယ်ရှိ ကျေးရွာများတွင် ပစ်ခတ်မီးရှို့မှုများအား KNUကို စွပ်စွဲ၍ နောက်တစ်ကြိမ် ထပ်မံဖြစ်ပေါ်လာပါက ယာယီအပစ်အခတ်ရပ်စဲရေးကိုပါ ဖျက်ပစ်မည်ဟု မြန်မာစစ်အစိုးရက KNU ကို သတိပေးထားကြောင်း KNU နိုင်ငံခြားရေးတာဝန်ခံ စောဒေးဗစ်ထောမှ ဆိုသည်။ (Irrawaddy)

***မေလ (၆)*** – အင်းစိန်ထောင်တွင် နိုင်ငံရေးအကျဉ်းကျနေသည့် ဦးကျော်မင်း NDP အမျိုးသားဒီမိုကရက်တစ်ပါတီ(ဖူးသီးတောင်)၏ ဇနီးနှင့်သမီးနှစ်ဦးအား ရအဖ မှ မေ (၅)ရက်နေ့ ည ၁၁ နာရီ၌ ခေါ်ဆောင်သွားသည်။ (VOB/ I/net 060505)

***မေလ (၇)*** – ယနေ့ ပုဂံညောင်ဦးမြို့၌ ကျင်းပပြုလုပ်မည့် ကြံ့ဖွံ့လူငယ်နှီးနှောဖလှယ်ပွဲကို ရောက်ရှိလာသည့် လူငယ်များနေထိုင်ရန် အာဏာပိုင်တို့က ဒေသခံအရပ်သားများ၏ နေအိမ်တို့၌ အဓမ္မနေရာချထားပေးနေကြောင်း သိရသည်။ (DVB)

***မေလ (၈)*** – ယမန်နေ့က ရန်ကုန်တွင် ဗုံးပေါက်ကွဲမှုကြောင့် သေဆုံးသူ အနည်းဆုံး(၅၀)နှင့် ဒဏ်ရာရရှိသူပေါင်း (၂၀၀)ကျော်ရှိသည်ဟု စုံစမ်းသိရှိရသည်။ (DVB)

***မေလ (၁၂)*** – တပ်မတော်ရေးရာလုံခြုံရေးတပ်ဖွဲ့ဟု အမည်ပေးထားသည့် စစ်ထောက်လှမ်းရေးတပ်ဖွဲ့ကို ပြန်လည်ဖွဲ့စည်းနေပြီဖြစ်ကြောင်း သင်တန်းပို့ချရာတွင်ပါဝင်သည့် စစ်အရာရှိကြီးတဦးက ပြောသည်။ (NEJ)

***မေလ (၁၂)*** – တပ်အသစ်တည်ဆောက်မည့်မြေနေရာနှင့် မလွတ်ကင်းသည့် ကချင်ပြည်နယ် ဒွန်ဘန်ကျေးရွာအတွင်းရှိ အိမ်များကို အာဏာပိုင်များက သတ်မှတ်ရက်အတွင်း ပြောင်းရွှေ့ခိုင်းထားကြောင်း သိရသည်။ (Kachin News)

***မေလ (၁၂)*** – ၁၉၂၃ ခုနှစ် အလုပ်သမားလျော်ကြေး အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကို နအဖ ဥပဒေအမှတ်–၄/၂၀၀၅၊ မေလ (၁၁)ရက်နေ့ နေ့စွဲဖြင့် ဗိုလ်ချုပ်မှူးကြီး သန်းရွှေလက်မှတ်ရေးထိုး ပြဌာန်းသည်။ (NLM)

***မေလ (၁၂)*** – မကွေးတိုင်း အထက်မင်းလှမြို့နယ် ညောင်ပင်သာကျေးရွာ၌ ယနေ့ နံနက် (၀၁)နာရီခန့်တွင် ဗုံးတလုံးပေါက်ကွဲခဲ့ပြီး ထိခိုက် ဒဏ်ရာရရှိခဲ့ခြင်း မရှိကြောင်း သိရသည်။ (DVB)

***မေလ (၁၂)*** – ဗုံးပေါက်ကွဲမှုကြောင့် လူအများ ဒုက္ခရောက်နေချိန်တွင် မရမ်းကုန်းမြို့နယ် အမှတ် (၃) ရယက ဥက္ကဌ ဦးစိုးမြင့်နှင့် အဖွဲ့ဝင် ကိုဝင်းမြင့်တို့မှာ ထိခိုက်ဒဏ်ရာရရှိသူများထံမှ ငွေနှင့်ပစ္စည်းများ ခိုးဝှက်သိမ်းယူကြသည်။ (DVB)

## နိုင်ငံတကာ – မြန်မာ

***မေလ (၅)*** – မိမိတို့တပ်သည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအပေါ် ဓာတုလက်နက်သုံးခဲ့ကြောင်း နအဖ တပ်သားနှစ်ဦးမှ ဧပြီလ (၂၅)ရက်နေ့ကဆိုကြောင်း Christian Solidarity Worlwide မှ ယခင်အဆိုကို သက်သေထပ်ပြကြေညာသည်။ (VOB LONDON)

***မေလ (၆)*** – ဒေါ်အောင်ဆန်းစုကြည်လွတ်မြောက်ရေးအတွက် မြန်မာ့ဒီမိုကရေစီအင်အားစု (၆၀)ဦးခန့်သည် အီးယူ–အာဆီယံဆွေးနွေးပွဲကို လှည့်လည်ဆန္ဒပြတောင်းဆိုသည်။ (VOB/ KYOTO)

***မေလ (၆)*** – ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးခွန်ထွန်းဦးအပါအဝင် အဖမ်းဆီးခံနိုင်ငံရေးအကျဉ်းသားများကို ချက်ချင်းပြန်လွှတ်ပေးပြီး အားလုံးပါဝင်သည့် နိုင်ငံရေးဆွေးနွေးပွဲတခု အမြန်ပြုလုပ်ပေးရန် တိုင်းရင်းသားလူမျိုးများကောင်စီက နအဖ ဥက္ကဌထံ စာရေးတောင်းဆိုသည်။ (DVB)

***မေလ (၉)*** – ရခိုင်ကမ်းလွန်ဒေသလုပ်ကွက် A-2 နှင့် ရခိုင်ကမ်းမြောင်ဒေသ ကုန်းတွင်းပိုင်း လုပ်ကွက် L (စစ်တွေဒေသ)တို့၌ ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော် ထုတ်လုပ်ရေးလုပ်ငန်းနှင့်ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ်ကို စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အိန္ဒိယနိုင်ငံ Essar Oil Limited တို့ ယမန်နေ့က လက်မှတ်ရေးထိုးသည်။ (NLM 090505)

***မေလ (၁၀)*** – လူ့အခွင့်အရေးလည်းမရှိ၊ လုံခြုံရေးလည်းကင်းမဲ့နေသော မြန်မာနိုင်ငံမျိုးတွင် အာဆီယံခေါင်းဆောင်များ၏ လုံခြုံရေးမည်သို့မှ အာမခံချက်မရှိတော့၍ အာဆီယံအလှည့်ကျဥက္ကဌ တာဝန်မပေးရန် ထိုင်းအထက်လွှတ်တော်နိုင်ငံခြားရေးရာကော်မတီ ဥက္ကဌ ခရိုင်ဆတ်ချလာန္ဒန်းက ပြောသည်။ (DVB)

***မေလ (၁၀)*** – မတည်မငြိမ်ဖြစ်နေသည့် မြန်မာနိုင်ငံကို တောင်ကိုရီးယားနိုင်ငံသားများ လောလောဆယ်တွင် ခရီးမသွားသင့်သေးကြောင်း တောင်ကိုရီးယား ထောက်လှမ်းရေးအေဂျင်စီက သတိပေးထားသည်။ (DVB 100505)

# ကုလသမဂ္ဂထောင်စုနှစ်ဖွံ့ဖြိုးမှုဆိုင်ရာ ရည်မှန်းချက်များ

## United Nations Millennium Development Goals(MDG)

ယခုအချိန်မှစ၍ သက္ကရာဇ် ၂၀၁၅ ခုနှစ်အကုန်တွင် အောက်ပါရည်မှန်းချက်များ ပေါက်မြောက်အောင်မြင်ရမည်ဟု ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ ၁၉၁ နိုင်ငံက ကတိပြုတာဝန်ခံခဲ့ကြပါသည်။

**၁။ အလွန်အမင်းဆင်းရဲမွဲတေမှုနှင့် ငတ်မွတ်ခေါင်းပါးမှုများကို အမြစ်ပြတ်တိုက်ဖျက်ရန်။**

အထက်ပါရည်ရွယ်ချက်ကို လက်တွေ့အားဖြင့်… (က) တနေ့တဒေါ်လာအောက်ဝင်ငွေသာရှိသော လူဦးရေအား တဝက်လျှော့ချပစ်ရန်။

(ခ) ငတ်မွတ်ခေါင်းပါးမှုဒဏ်ကို ခံစားနေကြရသော လူဦးရေ တဝက်လျှော့ချပစ်ရန်။

**၂။ တကမ္ဘာလုံးရှိ နိုင်ငံအားလုံးတွင် ကလေးများအားလုံး မူလတန်းပညာပြီးဆုံးအောင်မြင်သည်အထိသင်ကြားရေး။**

ထိုရည်ရွယ်ချက်ကို လက်တွေ့အားဖြင့် ယောကျ်ားလေးများအားလုံးနှင့် မိန်းကလေးများအားလုံး မူလတန်း ပညာရေးတွင်ပါရှိသော ပြည့်စုံသောသင်ရိုးညွှန်း တမ်းအားလုံးပြီးဆုံးသည်အထိ သင်ကြားမှုကို သေချာအောင်ပြုလုပ် ရမည်ဖြစ်သည်။

**၃။ လိင်မခွဲခြားဘဲ ကျားမတန်းတူညီမျှမှုကို မြင့်တင်ရန်နှင့် အမျိုးသမီးများအားစွမ်းအားပြည့်ဝလာစေရေးကို ဦးတည် ချက်ထားရန်။**

လက်တွေ့အားဖြင့် အခြေခံပညာမူလတန်းအဆင့်နှင့် ဒုတိယအဆင့် သို့မဟုတ် အလယ်တန်းအဆင့် ပညာ ရေးတွင် လိင်ခွဲခြားမှု၊ မညီမျှမှုများကို ၂၀၀၅ ခုနှစ်တွင် အပြီးပပျောက်အောင်ဆောင်ရွက်ရန်။ ၂၀၁၅ ခုနှစ်နောက်ဆုံး ထား၍ ထိုအဆင့်များတွင်သာမက အဆင့်အားလုံးတွင် ပပျောက်အောင် ကြိုးပမ်းဆောင်ရွက်သွားရန်။ ထိုပညာရေး အဆင့်များတွင် လိင်ခွဲခြားမှုများရှိနေသည်ဆိုသည်မှာ ကျောင်းထွက်နှုန်းတွင် မိန်ကလေးများက ယောကျ်ားလေးများ ထက်ပိုများနေခြင်း၊ ယောကျ်ားလေးများက ပညာပို၍တတ်မြောက်ရန်လိုအပ်သည်ဟု ထင်မြင်ယူဆထားကြခြင်း စသည်တို့ကို ဆိုလိုပေသည်။

**၄။ ကလေးသေဆုံးမှုနှုန်းကို လျှော့ချရန်။**

လက်တွေ့အားဖြင့် ၅ နှစ်အောက်ကလေးများသေဆုံးမှုနှုန်းကို သုံးပုံ ၂ ပုံ လျှော့သွားအောင်အထိ ဆောင်ရွက်ရန်။

**၅။ ကိုယ်ဝန်ဆောင်မိခင်များ၏ ကျန်းမာရေးကို တိုးမြှင့်ရန်။**

လက်တွေ့အားဖြင့်ဆောင်ရွက်ရာတွင် ကိုယ်ဝန်ဆောင်မိခင်များ ကလေးမွေးဖွားစဉ်တွင် သေဆုံးမှုနှုန်းကို လေးပုံသုံးပုံလျှော့သွားအောင်အထိ ဆောင်ရွက်ရန် ဖြစ်သည်။

**၆။ အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ် (ကိုယ်ခံစွမ်းအားလျှော့နည်းကျဆင်းစေသည့်ရောဂါ) ၊ ငှက်ဖျားနှင့် အခြားသောရောဂါများကို တိုက်ဖျက်ပစ်ရန်။**

လက်တွေ့အားဖြင့်… (က) အေအိုင်ဒီအက်စ်ရောဂါနှင့် ထိုရောဂါကိုဖြစ်စေသော အိတ်ချ်အိုင်ဗွီပိုးပျံ့နှံ့မှုကို ရပ်တန့်ပစ်ရန်၊ ပျံ့နှံ့မှုနှုန်းကိန်းဂဏန်းအား သိသိသာသာဖြစ်သွားအောင်ပြောင်းပြန်လှန်ပစ်ရန်။

(ခ) ငှက်ဖျားရောဂါနှင့် အခြားအဓိကကျသောရောဂါများ ပြန့်ပွားမှုကို ရပ်တန့်ပစ်ရန်၊ ပြောင်းပြန် လှန်ပစ်ရန်။

**၇။ သဘာဝပတ်ဝန်းကျင် ရေရှည်ဖွံ့ဖြိုးတည်တံ့မှုကို သေချာစေရေး။**

ထိုအချက်ကိုလက်တွေ့အားဖြင့်… (က) ရေရှည်တည်တံ့ခိုင်မြဲသောဖွံ့ဖြိုးတိုးတက်မှု (Sustainable Development)ဆိုင်ရာမူဝါဒများကို နိုင်ငံ၏မူဝါဒများ အစီအစဉ်များတွင် ထည့်သွင်းရေးဆွဲရေး၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာအရင်းအမြစ် များ ဆုံးရှုံးမှုနှုန်းကို ပြောင်းပြန်လှန်ပစ်ရန်။

(ခ) သောက်ရေသန့်ကို အစဉ်အမြဲရေရှည်ပြတ်လပ်မှုမရှိဘဲ ရရှိမနေသည့် လူဦးရေကို တဝက်လျှော့ ချပစ်ရန်

(ဂ) ပြွတ်သိပ်ညစ်ပတ်နေသော ရပ်ကွက်များတွင် နေထိုင်သူများအတွက် အနည်းဆုံး လူဦးရေ သန်း ၁၀၀ ၏ နေထိုင်မှုဘဝများကို သိသိသာသာ တိုးမြှင့်ပြောင်းလဲသည်အထိ ဆောင်ရွက်ရန်။

**၈။ ဖွံ့ဖြိုးတိုးတက်မှုအတွက် တကမ္ဘာလုံးလက်တွဲပူးပေါင်းဆောင်ရွက်မှု (Global partnership)ကို ဖွံ့ဖြိုးတိုးတက်စေရန်။**

လက်တွေ့အားဖြင့်… (က) စည်းမျဉ်းအပေါ်အခြေခံသော၊ ကြိုတင်ခန့်မှန်းတွက်ချက်နိုင်သော ခွဲခြားဆက်ဆံမှုမရှိသောဘဏ္ဍာရေးစနစ်များ၊ ပို၍ပွင့်လင်းသော ကုန်သွယ်မှုများကို ဖွံ့ဖြိုးတိုးတက်စေမည်။ ကောင်းမွန်သောအစိုးရ (Good governance) ရှိလာစေရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမွဲတေမှု လျှော့ချရေး စသည်တို့အပေါ် သံန္နိဋ္ဌာန်ရှိမှု(commitment)အား မိမိနိုင်ငံအရသာမက နိုင်ငံတကာလက္ခဏာဆောင်စွာ ပါဝင်ထည့်သွင်းလာစေရမည်ဖြစ်သည်။

(ခ) ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများ၏ အထူးလိုအပ်ချက်များကို ဖြေရှင်းဖြည့်ဆည်းဆောင်ရွက်သွားမည်။ ထိုကဲ့သို့ဆောင်ရွက်မှုတွင် ထိုနိုင်ငံများ၏ ပြည်ပပို့ကုန်များအတွက် ပေးဆောင်ရမည့် အခွန်များကင်းလွတ်ခွင့်ပြုရေး။ ကြွေးမြီတွင်းနစ်နေသော ဆင်းရဲနိုင်ငံများအား ကြွေးမြီလျှော်ပစ်ရေးအား တိုးမြှင့်လုပ်ဆောင်ခြင်း၊ တရားဝင် နှစ်ဦးနှစ် ဖက်တည်ရှိနေသော အကြွေးများအား ပယ်ဖျက်ပစ်ရေး၊ ဆင်းရဲမှုလျှော့ချရေးတွင် အမှန်တကယ်သံန္နိဋ္ဌာန် စိတ်ရှိသော နိုင်ငံများအား ပို၍ရက်ရောသောတရားဝင်ဖွံ့ဖြိုးတိုး တက်မှုဆိုင်ရာအကူအညီများ ပေးရေးတို့ပါဝင်ပေသည်။

(ဂ) ဖွံ့ဖြိုးဆဲ ကုန်းတွင်းပိတ်နှင့် သေးငယ်သောကျွန်းနိုင်ငံများ၏ အထူးလိုအပ်ချက်များကို ဖြေရှင်းဆောင်ရွက်သွားမည်။

(ဃ) ရေရှည်တွင်ဖွံ့ဖြိုးဆဲနိုင်ငံများ၏ကြွေး မြီပြဿနာကင်းလွတ်စေမည့် အမျိုးသားအရရော၊ နိုင်ငံတကာအတိုင်းအတာအရပါ ဆောင်ရွက်ရမည့် အရာများ၊ ဖြစ်စဉ်များကို ဖြတ်သန်းလျက် ထိုနိုင်ငံများ၏ကြွေးမြီ ပြဿနာကို ပြည့်စုံလုံလောက်စွာ ဖြေရှင်းဆောင်ရွက်သွားမည်။

(င) ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ရာတွင် လူငယ်များအတွက် မှန်ကန်သင့်လျော်သော၊ အကျိုးဖြစ်ထွန်းသောအလုပ်များကို ဖွံ့ဖြိုး တိုးတက်စေမည်။

(စ) ဆေးဝါးဖေါ်စပ်ထုတ်လုပ်သောကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်ရာတွင် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် မရှိ မဖြစ်လိုအပ်သောဆေးဝါးများကို ကျခံဝယ်ယူနိုင်စွမ်းရှိမည့် ဈေးနှုန်းချိုသာသောအခြေအနေများ ရရှိအောင်ဆောင်ရွက်သွားမည်။

(ဆ) ပုဂ္ဂလိက ကဏ္ဍနှင့်ပူးပေါင်းဆောင်ရွက်ရာတွင် အထူးသဖြင့် သတင်းကဏ္ဍနှင့် ဆက်သွယ်ရေးနည်း ပညာတို့တွင် နည်းပညာအသစ်များ၏ အကျိုးကျေးဇူးများရရှိလာအောင်ဆောင်ရွက်သွားမည်။

ကမ္ဘာ့ကုလသမဂ္ဂသည် ၂၁ ရာစု နိုင်ငံတကာဆက်ဆံရေး၏ အခြေခံတန်ဘိုးများအဖြစ် ကုလသမဂ္ဂ အဖွဲ့ဝင် နိုင်ငံများက တညီတညွတ်တည်း သတ်မှတ်ထားသော လွတ်လပ်မှု (Freedom)၊ ညီမျှမှု (Equality)၊ စည်းလုံးညီညွတ်မှု (Solidarity)၊ စိတ်ရှည်သည်းခံမှု (Tolerance)၊ သဘာဝကို လေးစားမှု (Respect to nature)၊ မျှဝေတာဝန်ယူမှု (Shared responsibility) စသည်တို့အပေါ်အခြေခံလျက် ကုလသမဂ္ဂ၏ ပင်မရည်မှန်းချက်များဖြစ်သော ပို၍ ငြိမ်းချမ်းသော၊ ပို၍ ကြွယ်ဝသော၊ ပို၍ တရားမျှတသော ကမ္ဘာကြီးဖြစ်လာစေရန် ရည်ရွယ်၍ဤ ဖွံ့ဖြိုးမှုဆိုင်ရာ ထောင်စုနှစ်ရည်မှန်းချက်များ၊ လက်တွေ့ လုပ်ငန်းစဉ် ရည်မှန်းချက်များကို ချမှတ်ထားခြင်းဖြစ်ပါသည်။

"ရဲရင့်အားမာန်" မှ စုစည်းတင်ပြသည်။